မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၉၈)

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နိုင်ငံတော်သစ်ကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုအုတ်မြစ်ဖြင့် အခိုင်အမာ တည်ဆောက်ကြရမည်

နိုင်ငံတော်တွင် သဘာဝသယံဇာတများ ကြွယ်ဝပါလျက် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆူပူမှုများ ကပ်ပါလာခဲ့ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မရှိခဲ့သောကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါသည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည့် သမိုင်းကြွေးတာဝန်ကို ပြန်ဆပ်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု အုတ်မြစ်ဖြင့် အခိုင်အမာ တည်ဆောက်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ပြည်ထောင်စုကြီးသန္ဓေတည် မွေးဖွားသန့်စင်ရာ ပင်လုံဒေသ ဖွံ့ဖြိုးရေးအထူးအစီအမံများ ဆောင်ရွက်ပေးလျက်ရှိ ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာအောင်ဖော်ထုတ် နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေး တစ်မျိုးသားလုံး ညီညီညွတ်ညွတ်လက်တွဲကြိုးပမ်းဆောင်ရွက်နေ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ) *စာမျက်နှာ ၅ ကော်လံ ၁*** ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

နိုင်ငံတော်ကြီး နိုင်ငံတကာအလယ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ရေး မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်

တစ်မျိုးသားလုံး၏ ဘဝအတွေ့အကြုံအရ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ အင်အားသည် ပဓာနအကျဆုံးဖြစ်သည်ကို တွေ့ရသည်။ ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် နိုင်ငံသူနိုင်ငံသားများ၏ ကိုယ်ပိုင်စွမ်းပကားကို အပြည့်အဝအသုံးချကာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားကောင်းနေချိန်တွင် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့နည်းသည့်အခါတွင် တိုင်းပြည်အင်အား ချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျရသည်ကို သမိုင်းသင်ခန်းစာများက ပြဆိုခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် သမိုင်းသင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒများချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ထွန်းကားပြန့်ပွားရေးတို့ကို အဓိကဦးတည်လျက် နိုင်ငံသူ နိုင်ငံသားများ၏ ညီညွတ်သောစွမ်းပကားဖြင့် နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၄–၂၀၀၅ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ၃ရက်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားရာ၌–

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် အမိနိုင်ငံတော်ကြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် နိုင်ငံတကာအလယ်တွင် ကမ္ဘာတည်သရွေ့ မြဲမြံခိုင်မာစွာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါရပ်တည်နိုင်စေရေးတို့သည်လည်း ယနေ့မျိုးဆက်သစ်လူငယ်များကို အနာဂတ်ကာလတွင် တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ် ရင့်သန်မြင့်မားသည့် ဘက်စုံထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် ပြုစုပေးနိုင်မှုအပေါ်တွင် အဓိကတည်မှီလျက်ရှိသည်ဟု နိုင်ငံတော်အစိုးရက စွဲမြဲစွာယုံကြည် ခံယူထားကြောင်း" ပြောကြားသွားသည်။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အစိုးရအနေဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်များကို မျက်မှောက်ခေတ်နှင့်တကွ အနာဂတ်ကာလ၏ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

၂၀၀၁–၂၀၀၂ခုနှစ် ပညာသင်နှစ်မှစတင်၍ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀ နှစ်ရှည်စီမံကိန်းများကိုချမှတ်ပြီး **အခွင့်အလမ်းဖွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ** ဆိုသည့်အင်္ဂါရပ်များဖြင့် ပြည့်စုံညီညွတ်စေရန် ရည်မှန်းချက်ရှိရှိ ဖော်ဆောင်ခဲ့သဖြင့် ယခုအခါ ဘက်စုံထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များ ပေါ်ထွန်းလာမှုအပါအဝင် အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများစွာကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသူ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏စွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အကျိုးရလဒ်ကောင်းများကို အနာဂတ်ကာလတိုင် တည်ငြိမ်ခိုင်မာစွာဖြင့် ဆက်လက်ထိန်းသိမ်း သယ်ဆောင်သွားကြရန် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်စေရန်အတွက် တိုင်းချစ်၊ပြည်ချစ်စိတ်ဓာတ် ရင့်သန်မြင့်မားသည့် တိုင်းရင်းသား မျိုးဆက်သစ်လူငယ်လူရွယ်များ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများ ထိရောက်ထက်မြက်စွာဆောင်ရွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်အောင်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းတို့ လိုက်ပါလျက် ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ရှမ်းပြည်နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇန်နဝါရီ ၃ရက် နံနက်၇နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပရာ အစီအစဉ်အရ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။ ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရင်း ဒေသခံများအပေါ် ရိုးဖြောင့်မှန်ကန်စွာ အလုပ်အကျွေးပြုကြရန် မှာကြားသည်။

ရှင်းလင်းဆွေးနွေး

၎င်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းတို့က ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ ရှင်းလင်းဆွေးနွေးကြသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ထိရောက်ထက်မြက်စွာ ဆောင်ရွက်ရေး၊ မိမိတာဝန်ကျရာဒေသ၌ ရိုးသားဖြောင့်မတ် တာဝန်သိစွာဖြင့် အလုပ်အကျွေးပြုရေး၊ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းကြရေးမှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ကျိုင်းတုံမြို့နယ်အတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာနနှင့်မြန်မာ့အာမခံလုပ်ငန်း ဌာနများ၏လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဇန်နဝါရီ၄ရက် နံနက်၉နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကျင်းပရာ အစီအစဉ်အရ ပြည်နယ်၊ခရိုင်၊မြို့နယ်အလိုက်ဌာနဆိုင်ရာတာဝန်ရှိသူများက တစ်ဦးချင်းသတင်းပို့မိတ်ဆက်ကြသည်။ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍လိုအပ်သည်များ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ် မှန်ကန်မှုနှင့် တာဝန်သိရှိမှုတို့က အရေးကြီးဆုံးဖြစ်ကြောင်း၊ ဌာနရှိဝန်ထမ်းများ အရည်အသွေးပြည့်ဝစွာဖြင့် လုပ်ငန်းလျာထားချက်များ ပြည့်ဝမှန်ကန်စွာရရှိရေးအတွက် ပြည်နယ် ဦးစီးမှူးများက ဦးဆောင်ကြိုးပမ်းကြရန် မှာကြားခဲ့သည်။**(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၆–၁–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် သံယုတ္တနိကာယလာ ကိုယ်ကျင့်တရား (အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသ)
- ၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"**(အပိုင်း–၃၁)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြန်မာ့ရှုခင်း
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း–၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့လျက်ရှိကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဗီယက်နမ်နိုင်ငံနှင့် ပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း လှိုက်လှဲနွေးထွေးစွာ ဝမ်းမြောက် ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့ အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

စင်ကာပူသမ္မတနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စင်ကာပူ သမ္မတနိုင်ငံ သမ္မတ မစ္စတာအက်စ်အာနာသန်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စု မြန်မာနိုင်ငံတော်၏(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ စင်ကာပူပြည်သူများကိုယ်စား မိမိက ဝမ်းမြောက်ဂုဏ်ယူစွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံ၏ဆက်ဆံရေးသည် ကောင်းမွန်ပြီး မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်အကျိုး ဖြစ်ထွန်းမှုကို ဆက်လက်တိုးမြင့်စေမည်ဟု မိမိယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

နီပေါနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ဒရာဘီဘီခရမ်ရှားဒေ့ဗ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ချမ်းမြေ့ဖွယ် လွတ်လပ်ရေးနေ့အခါသမယတွင် နီပေါအစိုးရနှင့် ပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများ တိုးတက်ကြီးပွား ချမ်းသာစေရန် ဆုမွန်ကောင်းပို့သပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်ဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှားဗဟာဒူးဒူးဗားက လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်။)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အဓိဋ္ဌာန်

"လွတ်လပ်ရေးထက် တန်ဖိုးအနဂ္ဃထိုက်တန်ကြီးမြင့်သော အရာသည် မရှိ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ထက်သန်သည့် မိမိတို့ တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့"

ငါ တို့ပြည်

☆ လျှိုနှင့်မြောင်ကြော၊ တောင်နှင့်တောလည်း
သာမောပေသည် ငါတို့ပြည်။

☆ စေတီနှင့်ကျောင်း၊ ကန်နှင့်ချောင်းလည်း
တင့်ကောင်းပေသည် ငါတို့ပြည်။

☆ မေတ္တာသစ္စာ၊ စေတနာလည်း
ဝေဆာပေသည်၊ ငါတို့ပြည်။

☆ ငါတို့ပြည်ကား
နေခြည်ထဲတွင်၊ ရွှေခဲဆင်သို့
ကောက်ပင်သီးနှံ၊ ပွင့်ပန်းမန်တို့
အလျှံပယ်မျှ၊ ပေါကြွယ်လှ၏။

☆ ငါတို့ပြည်ကား
လေပြည်ထဲတွင်၊ မြခဲဆင်သို့
ကျွန်းပင်စိမ်းစိမ်း၊ တောစိမ်းစိမ်းနှင့်
နွဲ့ယိမ်းနွဲ့လျ၊ ရှုတိုင်းလှ၏။

☆ အလှရွှေပြည်၊ ငါတို့ပြည်အား
ချစ်ကြည်သောစိတ်၊ မြတ်နိုးစိတ်ဖြင့်
အေးရိပ်ဝေဝေ၊ ခိုင်မြဲစေရန်
ရေကြည်မြနှစ်၊ ဖူးပရစ်နှင့်
ပျိုမြစ်ရွှင်လန်း၊ စဉ်ငြိမ်းချမ်းလျက်
ပန်းစုံပွင့်ကာ၊ ရှုတိုင်းသာရန်
ကာကွယ်နိုင်ဖို့၊ ထိန်းသိမ်းဖို့လျှင်
ငါတို့တာဝန် ပေတကား။ ။

စိုးမိုး(ပုသိမ်)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ တတိယနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို တတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက် ဖွင့်လှစ်ပြသရာ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ပြန်ကြားရေး ဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ ကြည့်ရှုအားပေးကြသည်။

ဆုများချီးမြှင့်

ထို့ပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်လူထုပြည်သူများက ပြခန်းများကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာကြသည်။ အထူးသဖြင့် ကျောင်းသား ကျောင်းသူများက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်နှင့် Soft Guide computer Co.၏ Teaching Contest with Audio Language Lab ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲတွင် ဗဟိုပြကွက်အဖြစ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဓာတ်ပုံနှင့် လွတ်လပ်ရေးနှင့်သက်ဆိုင်သည့် အဆိုအမိန့်များ၊ လူသားအစမြန်မာကပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်း၊ လွတ်လပ်ရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြကွက်၊ ရှုခင်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြကွက်၊ ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု ရောင်စုံဓာတ်ပုံပြကွက်၊ ခေတ်မီဘက်စုံတည်ဆောက်ရေးမြင်ကွင်း ရောင်စုံဓာတ်ပုံပြကွက်များကို ခင်းကျင်းပြသထားသည့်အပြင် မျက်မှောက်ခေတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြသည့် ဝန်ကြီးဌာန ပြခန်းတို့ကို ခင်းကျင်းပြသထားသည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များက စာအုပ်စာတမ်းများကို ရောင်းချပေးလျက်ရှိရာ ပြပွဲလာ ပရိသတ်များ ဝယ်ယူအားပေးကြသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ မြို့နယ်အသီးသီးတွင် သဝဏ်လွှာဖတ်ကြား

မင်္ဂလာတောင်ညွန့်မြို့နယ်။ (၂၃၉)

သန်လျင်မြို့နယ်။ (ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ်။ (၁၁၅)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ (၄၀၀)

တရုတ်ပြည်မကြီးတွင် လူဦးရေတိုးတက်မှုကျဆင်း

ပေကျင်း ဇန်နဝါရီ ၄

တရုတ်ပြည်မကြီးအနေဖြင့် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် လူဦးရေ ၁ဒသမ ၃ဘီလီယံသာရှိမည်ဟု မျှော်မှန်းထားကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရို(အင်န်အက်စ်ဘီ)က တနင်္ဂနွေနေ့၌ သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတွင် မွေးဖွားမှုထိန်းချုပ်ရေး မူဝါဒ၏ အကျိုးသက်ရောက်မှုအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကို အဆိုပါနေ့ရက် ကိန်းဂဏန်းက ညွှန်ပြနေကြောင်း အင်န်အက်စ်ဘီ၏ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံအနေဖြင့် လွန်ခဲ့သည့်နှစ် ၃၀ကျော်မှစ၍ လူဦးရေ အဆမတန်တိုးတက်မှုကို နှေးကွေးသွားစေရန် ဆောင်ရွက်ခဲ့ရာ မွေးဖွားမှုနှုန်းလျော့ကျအောင် ထိန်းချုပ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ လူဦးရေနှင့် မိသားစုစီမံကိန်းဆိုင်ရာကော်မရှင်(အက်စ်ပီအက်ဖ်ပီ)မှ အရာရှိတစ်ဦးက ပြောကြားသည်။

လျော့ကျ

တရုတ်နိုင်ငံ၏ မွေးဖွားမှုနှုန်း လျော့ကျမှုသည် ၁၉၇၀ ပြည့်နှစ်တွင် လူတစ်ထောင်လျှင် မွေးဖွားနှုန်း ၂၁ ဒသမ ၀၆ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၁၂ ဒသမ ၄၁ နှုန်းသို့လျော့ကျခဲ့သည်။

ကျဆင်း

ထိုသို့ မွေးဖွားနှုန်းကျဆင်းခဲ့မှုကြောင့် တရုတ်နိုင်ငံလူဦးရေတိုးတက်မှုနှုန်းသည် လူတစ်ထောင်လျှင် ၁၄ ဒသမ ၃၉နှုန်းမှ ၆ဒသမ ၀၁နှုန်းသို့ လျော့ကျခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကုန်တင်သင်္ဘောဆိုက်ကပ်

စင်ကာပူနိုင်ငံ ကျူရောင်ဆိပ်ကမ်း၌ ကုန်တင်သင်္ဘောများ ဆိုက်ကပ်ရပ်နားနေသည်ကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မင်ဒါနာအို–ဆာဘား လေကြောင်းလိုင်း ဆက်သွယ်မှုလမ်းကြောင်းသစ်ဖွင့်လှစ်

ကွန်တာဘာတိုစီးတီး ဇန်နဝါရီ ၄

ဆောက်သ်ဖိုးနစ် အဲယားဝေးလေကြောင်းလိုင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ မင်ဒါနာအိုနှင့် ဆာဘားလေကြောင်းလိုင်းကို မကြာသေးမီက ပထမဆုံးဖွင့်လှစ်ခဲ့ရာ ဒေသခွဲအတွင်း လေကြောင်းအဆက်အသွယ်များ ပိုမိုခိုင်မာတောင့်တင်းလာခဲ့သည်။

သောကြာနေ့က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဆောက်သ်ဖိုးနစ်၏ ထိုင်ခုံ ၆၀ပါရှိသော ခေတ်မီ ဝိုင်အက်စ် ၁၁လေယာဉ်သည် မင်ဒါနာအို ဆာဘားလေကြောင်း ပုံမှန်လမ်းကြောင်းကို စတင်ပျံသန်းရန်အတွက် ဒေဗိုးနိုင်ငံတကာလေဆိပ်မှ ဒီဇင်ဘာ ၂၈ရက်၌ ပျံတက်ခဲ့ကြောင်း၊ အထူးသဖြင့် မင်ဒါနာအိုရှိ ဒေဗိုးနှင့် ဇမ်ဘိုအန်လာမြို့များကို ဆာဘားရှိဆန်ဒါကန်ကို ဆက်သွယ်ပေးမည်ဖြစ်ကြောင်း မင်ဒါနာအို စီးပွားရေးဖွံ့ဖြိုးမှုကောင်စီ (မက်ဒ်ကို)က ပြောကြားသည်။

မင်ဒါနာအိုဖွံ့ဖြိုးရေး မဟာဗျူဟာ နည်းလမ်းတစ်ရပ်အဖြစ် လေကြောင်းအဆက်အသွယ်များ ဖွင့်ရန် အစိုးရ၏ ကြိုးပမ်းချက်ကို မိမိတို့ စတင်ဖြည့်စွက်ပေးရာတွင် ဒေသအတွင်း၌ တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ဆောက်သ်ဖိုးနစ်အဲယားဝေး၏ဥက္ကဋ္ဌ ကက်ပတိန် ရာမီလ်ရီဗာရာက ပြောကြားသည်။

ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် အရှေ့အာရှတိုးတက်ရေး ဒေသ(ဘင့်ပ်–အီဂါ) နိုင်ငံများအတွင်း စီးပွားရေးဆောင်ရွက်မှု လျင်မြန်စေမည့် လေကြောင်းအဆက်အသွယ်များ ဖွံ့ဖြိုးစေရန် ဆောက်သ်ဖိုးနစ်က တာဝန်ခံကြောင်း ရီဗာရာက ပြောကြားသည်။

ရည်ရွယ်ထား

ဒေသခွဲအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်များ တိုးမြှင့်ခြင်းဖြင့် ဆောက်သ်ဖိုးနစ်သည် ဘင့်ပ်–အီဂါအတွင်း ဒေသဆိုင်ရာ လေကြောင်းလိုင်းကြီးဖြစ်လာရန် ရည်ရွယ်ထားကြောင်း ရီဗာရာက ပြောကြားသည်။ **(အင်တာနက်)**

သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ် ထူထောင်ရန်တိုက်တွန်း

ဂျကာတာ ဇန်နဝါရီ ၅

အသေအပျောက်များမှုမရှိရေးအထောက်အကူဖြစ်စေရန်အတွက် သဘာဝဘေးအန္တရာယ်ကို နယ်စပ်ဖြတ်ပြီးကြိုတင်သတိပေးသည့်စနစ်တစ်ရပ်ထူထောင်သွားရန် ညီညီညွတ်ညွတ်စုပေါင်းကြိုးပမ်းသွားကြဖို့ အခြားနိုင်ငံများကို အင်ဒိုနီးရှားနိုင်ငံက မေတ္တာရပ်ခံထားကြောင်း သမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုကတနင်္လာ၌ ပြောကြားသည်။

သဘာဝ အန္တရာယ်ကြိုတင်သတိပေးစနစ် ထူထောင်သွားရန် အခြားနိုင်ငံများနှင့်အတူ မိမိတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဂျကာတာစတော့ အိတ်ချိန်း၌အနကူးသန်းရောင်းဝယ်ရေး ဖွင့်ပွဲတွင် ဆူဆီလိုက ပြောကြားသည်။

အဆိုပါစနစ်သည် ထိခိုက်သေဆုံးမှုများ ပိုမိုမဖြစ်ပွားရေး ဟန့်တားရန် အကောင်းဆုံးစနစ်ဖြစ်ပြီး ကြိုတင်သတိပေးခြင်းကြောင့် မိမိတို့အတွက် ပြင်ဆင်မှု အချိန်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာရပ်လွတ်လပ်သော ကုန်သွယ်ရေး ယူအေအီးနိုင်ငံ အကျိုးကျေးဇူးခံစားရ

အဘူဒါဘီ ဇန်နဝါရီ ၄

အာရပ်အခြားနိုင်ငံများနှင့်အတူ ကုန်သွယ်ရေးနယ်နိမိတ် တိုးချဲ့ခဲ့သဖြင့် ကုန်သွယ်ရေးတိုးတက်မှု ၅၃ရာခိုင်နှုန်းကျော်တိုးတက်မည်ဟု မျှော်မှန်းထားသော မဟာအာရပ် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (ဂျီအေအက်ဖ်တီအေ)၏ ကြီးမားသောအကျိုးကျေးဇူးကို အာရပ်စော်ဘွားများ ပြည်ထောင်စုက ခံစားရမည်ဖြစ်ကြောင်း ခါလီအီတိုင်းမ်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ကုလသမဂ္ဂ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ အတွင်းရေးမှူး ဖြစ်သူ တာဟာအယ်တာယက်အိုမာရီရာက ဂျီအေအက်ဖ်တီအေ၏ နောက်ဆုံး ဖွံ့ဖြိုးတိုးတက်မှုများကို ပြောကြားရာတွင် အခြားအာရပ်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခွင့်ရရှိခြင်းဖြင့် အကျိုးကျေးဇူးများစွာကို ယူအေအီးနိုင်ငံက ရရှိခဲ့ကြောင်း ပြောကြားသည်။

ယူအေအီးနိုင်ငံသည် အခြားအာရပ်နိုင်ငံများသို့ ကုန်ပစ္စည်း ပြန်လည်တင်ပို့မှုများပြားခဲ့ရာ ဘဏ္ဍာရေးနှစ်အလိုက် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၅ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင်ယူအေအီးနိုင်ငံသည် ဂျီအေအက်ဖ်တီအေ၌ ကုန်ပစ္စည်းပြန်လည်တင်ပို့နိုင်မှုတွင် အကြီးမားဆုံးနိုင်ငံဖြစ်လာနေပြီဖြစ်ကြောင်း၊ ကုန်ပစ္စည်း အကောက်အခွန်ကင်းလွတ်ခွင့် ရရှိ၍လည်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံခြားဧည့်သည်များအတွက် ခရီးသွားလာရာတွင် သတင်းဆက်သွယ်ရေးနှင့် ဘာသာပြန်ဆိုမှုများကို ဝန်ဆောင်မှုပေးနိုင်သည့် ပီဒီအေကွန်ပျူတာတစ်လုံးအား တိုကျိုမြို့၌ပြုလုပ်သော ကွန်ပျူတာပြပွဲတစ်ခု၌ ပြသထားသည်ကို ဇန်နဝါရီ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဦးနှောက်ရောင်ပြီး ခေါင်းလေးငိုက်မျဉ်းသည့်ရောဂါ ပျံ့နှံ့ဖြစ်ပွားမှု ဇင်ဘာဘွေအစိုးရ မကြာမီ စူးစမ်းလေ့လာမည်

ဟာရာရေး ဇန်နဝါရီ ၅

အာဖရိကတိုက် အပူပိုင်းဒေသရှိ အဆိပ်ပြင်းသော သွေးစုပ်ယင်ကောင်များ မင်းမူရာဒေသများတွင် ဦးနှောက်ရောင်ပြီး ခေါင်းလေးငိုက်မျဉ်းသည့်ရောဂါပျံ့နှံ့ ဖြစ်ပွားမှု လေ့လာအကဲဖြတ်မှုကို ဇင်ဘာဘွေအစိုးရက မကြာမီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အသုံးချလို

အဆိုပါ ငိုက်မျဉ်းသည့် ရောဂါကိုထိန်းချုပ်ရန်အတွက် သင့်လျော်သောအစီအစဉ်များ ချမှတ်ဖော်ထုတ်မည့် စူးစမ်းလေ့လာမှု၏ ရလဒ်ကို ကျန်းမာရေးဝန်ကြီးဌာနက အသုံးချလိုကြောင်း၊ ထိုစူးစမ်းလေ့လာမှုအစီအစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ငွေကြေးအထောက်အကူပေးရန် သဘောတူထားကြောင်း၊ စူးစမ်းလေ့လာမှုကိုရှေ့လ၌ စတင်မည်ဖြစ်ကြောင်း ရောဂါတားဆီးရေးလက်ထောက်ညွှန်ကြားရေးမှူး စတန်လီမစ်ဇီက ပြောကြားသည်။

တိုင်းပင်မည်

အဆိုပါ ငိုက်မျဉ်းသည့် ရောဂါသည် အာဖရိကတိုက်၏ အနောက်ပိုင်းတွင် အဖြစ်များရာ ထိုအာဖရိကအနောက်ပိုင်းမှ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်မည်ဖြစ်ကြောင်းမစ်ဇီက ပြောကြားသည်။

အဖြေရှာမည်

ယင်းရောဂါဖြစ်ပွားရာဒေသမှ လူများ၏သွေးကို နမူနာယူပြီး ငိုက်မျဉ်းသည့်ရောဂါဖြစ်စေသော ကပ်ပါးပိုးကို သွေးများက သယ်ဆောင်ခြင်းရှိ မရှိ စိစစ်အဖြေရှာမည်ဖြစ်ကြောင်း၊ သွေးများအတွင်း၌ ကပ်ပါးပိုးများရှိပြီး သွားလာနေသူများရှိသည်ဟု မိမိတို့ ယုံကြည်ထားကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်မှတပ်ဖွဲ့ဝင်များရုပ်သိမ်းမှု အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ စပိန်ဝန်ကြီးချုပ် ပြောကြား

မဒရစ် ဇန်နဝါရီ ၄

အီရတ်နိုင်ငံမှ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းခြင်းသည် ၂၀၀၄ခုနှစ်တွင် မိမိ၏ အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်ခဲ့ကြောင်း စပိန်ဝန်ကြီးချုပ် ဂျို့စ်လူဝစ်ရိုဒရီရုဇ်ဇာပါတီရိုက တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားခဲ့ရာ အယ်လ်ပီရီယော့ဒီကို သတင်းစာက တနင်္ဂနွေနေ့ထုတ်၌ ဖော်ပြခဲ့သည်။

ဖြေကြား

ပြီးခဲ့သည့်ဧပြီလ၌ စပိန်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ချိန်ကစပြီး ကျေနပ်မှုအဖြစ်ဆုံး ဆုံးဖြတ်ချက်မှာ ဘာဖြစ်သည်ကို မေးမြန်းရာ၌ အီရတ်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသည့် ဆုံးဖြတ်ချက်အကောင်းဆုံးဖြစ်သည်မှာ ယုံမှားသံသယမရှိကြောင်း ဖြေကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးအခြေအနေဆိုးရွားခဲ့ခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းသည့်အခါ စပိန်ပြည်သူများ၏ လိုလားချက်အတိုင်း မိမိတို့လုပ်ဆောင်ခဲ့ကြောင်း ဝန်ကြီးချုပ်က ဖြေကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

✡ **ရှေ့ဖုံးမှ**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနေ့ကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ်အလာကောင်းကို ဖော်ညွှန်းလျက် တိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာနေစေရေးအတွက် ကျင်းပနေခြင်း ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြလျက် အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ သုခ၊ ဒုက္ခများကို မျှဝေခံစားခဲ့ကြသည့် ညီရင်းအစ်ကို မောင်ရင်းနှမများ ဖြစ်ကြကြောင်း။

ခွဲခြားအုပ်ချုပ်

ကိုလိုနီနယ်ချဲ့တို့ မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် မိမိတို့ တိုင်းရင်းသားများအတွင်း နှစ်ပေါင်းကြာရှည်စွာ ဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြကြောင်း၊ သို့ရာတွင် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသား ညီအစ်ကို မောင်နှမများ တစုတစည်းတည်း နေထိုင်ကြမည်ဆိုသည့် ပြည်ထောင်စု စိတ်ဓာတ်ကင်းမဲ့အောင် နယ်ချဲ့တို့က အစီအစဉ်ရှိရှိ လုပ်ကိုင်ခဲ့ပြီး မြန်မာတိုင်းရင်းသားများ ကွဲလွဲသက်ရှည်အောင် Divide and Rule Policy ဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ကြောင်း။

အမြော်အမြင် ကြီးမားသော တိုင်းရင်းသား ခေါင်းဆောင်များ၏ စွမ်းဆောင်ချက်ကြောင့်သာ မြန်မာတစ်နိုင်ငံလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ပြီး လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

သင်ခန်းစာယူ

သို့ရာတွင် တိုင်းတစ်ပါး၏နှစ်ပေါင်း တစ်ရာကျော် အစီအစဉ်ရှိရှိ သွေးခွဲသပ်လျှို အုပ်ချုပ်ခဲ့မှု၏ ဒဏ်ရာဒဏ်ချက်များကြောင့် လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသား ညီအစ်ကို သွေးချင်းများအတွင်း သံသယစိတ်ဝင်ကာ စိတ်ဝမ်းကွဲပြားခဲ့ကြသဖြင့် နှစ်ပေါင်း ၄၀ ကျော်ကြာ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် မယ်မယ်ရရ တည်ဆောက်နိုင်ခဲ့ခြင်း မရှိခဲ့သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး အတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ထို့ကြောင့် မိမိတို့ နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်နိုင်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုသည့်ခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းစေရေးအတွက် မိမိတို့ တိုင်းရင်းသားများ အချင်းချင်း အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နံတစ်လျား၌ ငြိမ်းချမ်းရေး၏ အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝ ခံစားနေကြရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားအားလုံး၏စုပေါင်းစွမ်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူအားလုံး ခံစား၊ စံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် လမ်း၊တံတား၊ပညာရေး၊ ကျန်းမာရေး၊စိုက်ပျိုးရေး၊မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေရေး စသည့် ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကို နယ်စပ်ဒေသဖွံ့ဖြိုးရေးပင်မစီမံကိန်းရေးဆွဲချမှတ်ပြီး ကာလတိုစီမံကိန်းများဖြင့် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမြော်အမြင် ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခိုင်အမာတည်ဆောက်ပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုပြန်လည်ရရှိအောင် စွမ်းဆောင်ပေးခဲ့ကြောင်း၊ ထိုကောင်းမြတ်သောအစဉ်အလာနှင့် စွမ်းပကားကို ပြန်လည်ဖော်ထုတ်ဂုဏ်ပြုသည့် အနေဖြင့် ပြည်ထောင်စုကြီးသန္ဓေတည် မွေးဖွားသန့်စင်ရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးအထူးအစီအမံများကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယခုအခါ ပင်လုံဒေသသည် ပြည်ထောင်စုကြီး၏ ဘူမိနက်သန်အောင်မြေဆိုသည့် ဂုဏ်ဒြပ်နှင့်အညီ တင့်တယ်ဝင့်ကြွားလျက်ရှိနေပြီဖြစ်ကြောင်း။

ပင်လုံစိတ်ဓာတ်နှင့်ပင်လုံအားမာန်

ဤကဲ့သို့ နိုင်ငံတော်အစိုးရက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ပြည့်ဖြိုးခိုင်မာစေရေးအတွက် ပြည်ထောင်စုကြီးတစ်ခုလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားသွေးချင်းများအကြား စည်းလုံးညီညွတ်မှု တိုးပွားဖြစ်ထွန်းစေမည့် အခြေခံကောင်းများကိုစနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိခြင်း၊ ပင်လုံစိတ်ဓာတ်နှင့်ပင်လုံအားမာန်တို့ ပြန်လည်နိုးကြားစေမည့် အစီအမံများကို အားပေးစီမံဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ယခုအချိန်အခါတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက်ထွန်းကားခိုင်မာလျက် ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိလာချိန်တွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းထုတ်ဖော်ကြေညာထားပြီးဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသားညီလာခံအောင်မြင်စွာ ဆက်လက်ကျင်းပသွားရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်အကောင်အထည်ဖော်သွားရန်တို့အတွက် ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုရှင်သန်ခိုင်မာသည်ထက် ခိုင်မာစေရအောင် ပြည်ထောင်စု နေ့ထူးနေ့မြတ်ကြီး ပေါ်ထွန်းလာခဲ့သည့်အစဉ်အလာကောင်း၊ အခြေခံကောင်းများကို ပီပီပြင်ပြင်ဖော်ထုတ်မြှင့်တင်ပြီး ပြည်ထောင်စုနေ့ အခမ်းအနားကြီးကို နိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားကြရန် ပဏာမပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ပြန်လည်ဆွေးနွေးမှာကြား

ယင်းနောက်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ၂၀၀၅ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို လေးနက်မွန်မြတ်မြင့်မားသော အမျိုးသားရေး ဦးတည်ချက်များဖြစ်သည့်–

- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စု စိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံး ညီညွတ်မှု ဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသား အားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

ဆိုသည့် ဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တယ်ဝင့်ကြွားစွာဖြင့် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တစ်မျိုးသားလုံး ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

သို့ဖြစ်သည်နှင့်အညီ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရရှင်သန်ခိုင်မာနေစေရန် အထူးလိုအပ်ကြောင်း။

စနစ်တကျကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် (၅၈)နှစ်မြောက် ပြည်ထောင်စုအခမ်းအနားကြီးကို ယခင်အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ တိုးပွား ခိုင်မာစေရေး အတွက် ထိရောက်စွာစေ့ဆော်ပေးနိုင်ပြီး အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများက စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်း အစည်းအဝေးတွင် ပြန် ကြား ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် အောင် သိန်း က ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်း အစည်းအဝေးတွင် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းက ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ် အခိုင်အမာတည်ဆောက်
စည်းလုံးညီညွတ်မှုတိုးပွားစေမည့်အခြေခံကောင်းများချမှတ်

- ❑ အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များက တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ကို အခိုင်အမာ တည်ဆောက်၊
- ❑ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ပြန်လည်ရရှိအောင် စွမ်းဆောင်ပေးခဲ့၊
- ❑ ထိုကောင်းမြတ်သော အစဉ်အလာနှင့် စွမ်းပကားကို ပြန်လည်ဖော်ထုတ်ဂုဏ်ပြုသည့် အနေဖြင့် ပြည်ထောင်စုကြီး သန္ဓေတည် မွေးဖွားသန့်စင်ရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် သတ်မှတ်ကာ ဖွံ့ဖြိုးရေးအထူးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၊
- ❑ ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားသွေးချင်းများအကြား စည်းလုံးညီညွတ်မှု တိုးပွားဖြစ်ထွန်းစေမည့် အခြေခံကောင်းများကို စနစ်တကျချမှတ်။

မိုးမောက် လွယ်ဂျယ်–မိုးမောက်ကားလမ်း စတင်ဖောက်လုပ်ခြင်းအခမ်းအနား တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၅

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်–မိုးမောက်ကားလမ်း စတင်ဖောက်လုပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၈နာရီတွင် လွယ်ဂျယ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှေ့ကွင်းပြင်၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်ဂရက်လွှတ်တော် နိုင်ငံရေးအတိုင်ပင်ခံ မစ္စတာ ကွမ်းကိုကျုံနှင့် တာဝန်ရှိသူများ၊ လွယ်ဂျယ်–မိုးမောက်ကားလမ်းဖောက်လုပ်ရေးကုမ္ပဏီလီမိတက်ကိုယ်စားလှယ် မစ္စတာလီချန်ရင်နှင့်တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးမောင်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်းပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာ မုန်ပီကွမ်၊ လုံချွမ်ခရိုင် ပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ခရိုင်ဝန် မစ္စတာခွန်လယ်ကန်၊ လုံချွမ်ခရိုင် လွယ်ဂျယ်–မိုးမောက် ကားလမ်းဖောက်လုပ်ရေးကုမ္ပဏီလီမိတက်ကိုယ်စားလှယ်မစ္စတာလီချမ်ရင်တို့က လမ်းဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကား အသီးသီးပြောကြားကြသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်ဂရက်လွှတ်တော် နိုင်ငံရေး အတိုင်ပင်ခံ မစ္စတာကွမ်းကိုကျုံက တိုင်းမှူးနှင့် တာဝန်ရှိသူများအား လွယ်ဂျယ်–မိုးမောက်ကားလမ်းစတင်ဖောက်လုပ်ခြင်း အထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဘက်မှ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အင်ဂျင်နီယာချုပ် ဦးမောင်မောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်ဝင်း၊ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘက်မှ ယူနန်ပြည်နယ်ကွန်ဂရက်လွှတ်တော်နိုင်ငံရေးအတိုင်ပင်ခံ မစ္စတာကွမ်းကိုကျုံ၊ယူနန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တယ်ဟုန်းပြည်နယ်ခွဲ ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာ စုံရီဖတို့က လွယ်ဂျယ်–မိုးမောက်ကားလမ်းဖောက်လုပ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် နှစ်နိုင်ငံမှတာဝန်ရှိပုဂ္ဂိုလ်များသည် လွယ်ဂျယ်–မိုးမောက်ကားလမ်းစတင်ဖောက်လုပ်နေမှုနှင့်ကျောက်ချောလမ်းခင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါလွယ်ဂျယ်–မိုးမောက်ကားလမ်းသည် အရှည် ၄၇မိုင်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နတ်တလင်းအထက နှစ်(၅၀)ပြည့် ရွှေရတုကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း နတ်တလင်းအထက၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် မြတ်ဆရာပူဇာသဘင်၊ စက်ရေတွင်းလှူဒါန်းပွဲ၊ မိတ်ဆုံပွဲကို ဇန်နဝါရီ ၂၂ရက်နှင့် ၂၃ရက်တို့တွင် အထက နတ်တလင်းမြို့၌ ကျင်းပမည်ဖြစ်သည်။

၁၉၅၄ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ အားလုံး ဒေါ်ဝင်းကြည် (ပညာအလင်းပြ၊ ရန်ကုန်)ဖုန်း–၂၉၄၂၈၂၊ဦးမြင့်(မြို့နယ်ပညာရေးမှူး)ဖုန်း–၃၁၊ဒေါ်ခင်ဌေးမြင့်(ကျောင်းအုပ်ဆရာမကြီး)ဖုန်း–၁၃၉၊ ဦးယုဟန်(ရွှေငွေရတနာဆိုင်) ဖုန်း–၁၉၉နှင့် ဦးထွန်းဇော်(မြနန္ဒာဆန်စက်) ဖုန်း–၅၉ တို့သို့ ရွှေရတုသဘင်ဖြစ်မြောက်ရေးအတွက် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

❒ ကျောဖုံးမှ

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ စစ်ဘက်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

အစီအစဉ်အရကျိုင်းတုံမြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးခင်ကျော်က ကျိုင်းကာစံပြကျေးရွာကတ္တရာလမ်းသစ်ဆောင်ရွက်ခဲ့မှုအခြေအနေကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျိုင်းကာစံပြကျေးရွာမှ ဦးစိုင်းကျော်လှက ကျေးဇူးတင်စကားပြောကြားရာတွင် ကျိုင်းကာစံပြကျေးရွာနှင့် ကျိုင်းတုံမြို့ဘက် ဆက်သွယ်သောလမ်းမှာ ယခင်က မြေသားလမ်းဖြစ်ပြီး ယခုအခါ နိုင်ငံတော်အစိုးရနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကြေးအမြောက်အမြား ကုန်ကျခံကာ ကတ္တရာလမ်းသစ်အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးသဖြင့်များစွာဝမ်းသာဂုဏ်ယူမိပါကြောင်းပြောကြားသည်။

ထို့နောက် ကျိုင်းကာစံပြကျေးရွာကတ္တရာလမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံအား ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်က တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ထံသို့လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့ထံသို့လည်းကောင်း ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျိုင်းကာစံပြကျေးရွာကတ္တရာလမ်းသစ်ကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် နံနက်၉နာရီ၄၅မိနစ်တွင် ကျိုင်းကာစံပြကျေးရွာမှထွက်ခွာပြီးကျိုင်းတုံမြို့အဝင် ယန်းလှကျေးရွာအနီးကွင်းအမှတ်(၈၂)ကတ်ဖကွင်းသို့ နံနက်၉နာရီ၅၀မိနစ်တွင်ရောက်ရှိပြီး ဒေသခံတောင်သူဦးကြီးများမှ ရွှေရင်အေးမျိုးစပါးစိုက်ပျိုးနေမှုသို့လည်းကောင်း၊ ကျိုင်းတုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးစီးဆောင်ရွက်နေသောဌာနဆိုင်ရာ နွေစပါးစိုက်ခင်းတွင် ရွှေရင်အေးနှင့် ဆင်းရွှေဝါမျိုးစပါးစိုက်ပျိုးနေမှုနှင့်ပျိုးထောင်ထားသည့် မျိုးစပါးပျိုးခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နွေစပါးစိုက်ပျိုးခင်းသို့ရောက်ရှိပြီး ရွှေရင်အေးစပါးနှင့်စပ်မျိုးစပါးအမှတ်(၄၀၆)စပါးမျိုးပျိုးထောင်ထားသည့် ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိုက်ပျိုးပြီးစီး

၂၀၀၄–၂၀၀၅ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် စီမံကိန်းလျာထားချက်မှာ ဧက ၁၆၀၀၀ဖြစ်ပြီး လျာထားချက်ထက် ဧက၄၀၀၀ပိုမို၍ ဒေသလျာထားဧက ၂၀၀၀၀စိုက်ပျိုးရန်ရည်မှန်းဆောင်ရွက်နေကြောင်း၊ ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ကျော်ရရှိရေးအတွက် ဧက၅၀၀၀လျာထားပြီး ရွှေရင်အေး၊ ဆင်းရွှေဝါ၊ ဆင်းဧကရီ (၃)အထွက်ကောင်းမျိုးစပါးဧက၂၅၀၀တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ မြေပြင်ပြီးစီးမှု ဧက ၁၁၃၈၀၊ ပျိုးထောင်ပြီးစီးမှု ၁၃၃၂၉ ဧက၊ စိုက်ပြီး ၁၈၇၅ဧက ဖြစ်သဖြင့် စီမံကိန်းလျာထားချက်အပေါ် ၁၁ဒသမ ၇၂ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် တုလွတ်ဝေယံ သိမ်တော်ကြီး ရေစက်ချ မင်္ဂလာ အခမ်းအနားနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(ဆက်သွယ်ရေး)

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဝင်း တုလွတ်ဝေယံသိမ်တော်ကြီး ရေစက်ချမင်္ဂလာနှင့် အလှူတော်ငွေများပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဝင်းအတွင်း ပြုပြင်တည်ဆောက် ပြီးစီးသွားသည့် တုလွတ်ဝေယံ သိမ်တော်ကြီး ရေစက်ချမင်္ဂလာနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်တွင် အဆိုပါ သိမ်တော်ကြီး၌ကျင်းပရာ ရှေးဦးစွာအထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

သီလခံယူ

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရထံမှ ဝန်ကြီးများ၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

အမျှဝေ

ထို့နောက် အလှူရှင်များက သိမ်တော်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းမဟာဘုံကထိန်

ရန်ကုန် ဇန်နဝါရီ ၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက်၏(၁၃)ကြိမ်မြောက် မြို့မစုပေါင်းမဟာဘုံကထိန်ကို ဇန်နဝါရီ၃ရက်က မင်းဘူးမြို့ မှန်ကင်း ပရိယတ္တိစာသင်တိုက်တွင် ခင်းကျင်းဆက်ကပ်သည်။

ဆက်လက်၍မြို့မအောင်ဓမ္မာရုံကြီးတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မိုးကုတ်ဓမ္မကထိက ဆရာတော်ဦးပညာဇောတက ဘုံကထိန်ရေစက်ချတရားဟောကြားသည်။ ထို့နောက် အလှူရှင်ဒါနရှင်များ၏ နိဗ္ဗာန်ဈေး စတုဒိသာ ကျွေးမွေးကာ ပျော်ပွဲရွှင်ပွဲဇာတ်ပွဲများဖြင့် စည်ကားစွာကျင်းပသည်။ **(၄၀၇)**

မိုး

အစဉ်သတိပြု

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၂၄)ကြိမ်မြောက်အဘိဓမ္မာ(သင်္ဂြိုဟ်၊ ဋီကာကျော်)နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိ မွန်းတည့် ၁၂နာရီတွင် အဖွဲ့ချုပ်၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တတေဇောဘာသ(အဂ္ဂမဟာပဏ္ဍိတ)သီတင်းသုံးတော်မူရာ ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်း ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်ကြီးတွင် သုံးရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို ဖြေဆိုနိုင်ကြောင်းနှင့် ဖြေဆိုလိုသူများသည် ဆရာတော်ဘဒ္ဒန္တဂုဏာလင်္ကာရ(မဟာဂန္ထဝါစကပဏ္ဍိတ)၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပန်းဘဲတန်းမြို့နယ်တွင် စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဆေးတက္ကသိုလ်(၁)ရန်ကုန် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ဆေးတက္ကသိုလ်(၁)ရန်ကုန် အနှစ်(၄၀)ပြည့်အထိမ်းအမှတ်(၁၉၆၄–၂၀၀၄)အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၈ရက်(စနေနေ့)နံနက်၉နာရီခွဲတွင် ဝါးတန်းလမ်းရှိ ပန်ဒါပိုတယ်၌ကျင်းပမည်ဖြစ်ရာ ၁၉၆၄ခုနှစ်မှစတင်၍ ဆေးတက္ကသိုလ်(၁)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် တိမ္မွေးကုဆေးတက္ကသိုလ်ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

၁၉၆၄–၂၀၀၄ခုနှစ်များအတွင်း ကွယ်လွန်သွားပြီးသော သူငယ်ချင်း ၃၄ဦးတို့အားရည်စူး၍ ဇန်နဝါရီ၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအား နေ့ဆွမ်းလှူဒါန်း ဆက်ကပ်မည်ဖြစ်ရာ ကမ္ဘာအေးစေတီဝင်းအတွင်းရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ဆွမ်းစားဆောင်သို့ မိသားစုနှင့်တကွ ကြွရောက် ကြည်ညိုကြရန် နှိုးဆော်ထားသည်။

လှူဒါန်းလိုသူများသည် ဒေါက်တာအောင်မွန် ဖုန်း–၀၁–၅၂၇၀၄၃၊ ဒေါက်တာတင်မောင်ဝင်း ဖုန်း–၀၁– ၂၉၆၀၉၂၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း–၀၁–၆၂၉၃၆၇၊ ဒေါက်တာအေးမြင့် ဖုန်း–၀၁–၇၀၄၅၆၁၊ ဒေါက်တာဥမ္မာသွင် ဖုန်း–၀၁–၅၃၇၆၅၆နှင့် ဒေါက်တာခင်စန်းဝင်း ဖုန်း–၀၁–၂၄၄၂၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၆–၁–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အရေးပြိုင်ပွဲ
၈:၁၀	၇။	အကပဒေသာ
၈:၂၀	၈။	ကျောက်ကြီးပေါက်တံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြုများ) (သင်္ချာ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၂၀	၇။	**“နင်းကြည့်စမ်းပါ”** (မင်းအုပ်စိုး၊ညီဘွား၊ ခင်စိုးပိုင်) (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၀	၈။	မြန်မာစာ မြန်မာစကား
၁၇:၅၅	၉။	တေးဂီတအစီအစဉ်
၁၈:၀၅	၁၀။	နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅	၁၁။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း–၄၃)
၁၉:၃၀	၁၅။	တေးဂီတအစီအစဉ်
၁၉:၄၀	၁၆။	**အချုပ်အခြာအာဏာစွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု “ရွှေရောင်လွှမ်းသည့် မြန်မာ့အားကစား”** (အပိုင်း–၁)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာ့ရုပ်ရှင် **“ငါ သူတစ်ပါး ယောကျ်ားမိန်းမ”** (အပိုင်း–၁) (ရန်အောင်၊လွှင်မိုး၊ မေသန်းနု၊ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ–ပန်းချီစိုးမိုး)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ နာလန္ဒာတက္ကသိုလ်ကျောင်းတိုက်ဟောင်းအား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အိန္ဒိယနှင့်နီပေါရှိ သံဝေဇနီယလေးဌာနသို့ကြွရောက်ဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၅

အိန္ဒိယသမ္မတနိုင်ငံနှင့် နီပေါနိုင်ငံတို့ရှိ မြတ်ဗုဒ္ဓ၏သံဝေဂယူဖွယ်ရာ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးမြော်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ဆရာတော်ကြီး ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများသည် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၂၅ရက် မွန်းလွဲ၁၂နာရီ ၄၅မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်မှ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ အိန္ဒိယ သမ္မတနိုင်ငံ ဘီဟာပြည်နယ် လေဆိပ်သို့ ဒေသစံတော်ချိန် ၂နာရီတွင် ရောက်ရှိတော်မူကြသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများအား ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စစ်သံမှူးဗိုလ်မှူးချုပ်ကျော်ကျော်နှင့်ဇနီး ဒေါ်သီတာညွန့် ဦးဆောင်သော သံရုံးဝန်ထမ်းများ၊ ဒါယကာ ဒါယိကာမများက လေဆိပ်မှ ဂါရဝပြုကြိုဆိုဖူးမြော်ကြပြီး ခေတ္တတည်းခိုမည့် မြန်မာဘုန်းတော်ကြီးကျောင်းသို့ မော်တော်ယာဉ်ဖြင့် ကြွရောက်တော်မူကြသည်။

ခုနစ်ဌာနဖူးမြော်

ထိုမှတစ်ဆင့် ဗုဒ္ဓမြတ်စွာ သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်ကို ရရှိတော်မူရာနေရာ၌ တည်ထားသည့် မဟာဗောဓိ စေတီတော်ကြီးသို့ ကြွရောက်ဖူးမြော်ကြပြီး စေတီတော် လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် ဘုရားရှင်သတ္တဌာန စံနေတော်မူခဲ့ရာ ခုနစ်ဌာနသို့ လှည့်လည်၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်ကြီးများသည် သေနာနိဂုံးရှိ သုဇာတာသူဌေးသမီး၏ အိမ်ဟောင်းနေရာ၌ တည်ထားသော စေတီတော်အား ကြွရောက်ဖူးမြော်လေ့လာကြသည်။ ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် နေရဉ္ဇရာမြစ်ကမ်းအနီးရှိ သောတ္ထိယမြက်ထမ်းသမားထံမှ ဘုရားရှင် မြက်ရှစ်ဆုပ် အလှူခံတော်မူရာ အထိမ်းအမှတ်နေရာသို့ ကြွရောက်၍ လေ့လာကြသည်။ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဗုဒ္ဓဂယာမြန်မာဘုန်းတော်ကြီးကျောင်း သိမ်တော်တွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့်ဇနီး ဒေါ်သီတာညွန့် ဦးဆောင်သော သံရုံးဝန်ထမ်းများ၊ ဒါယကာ ဒါယိကာမများ လာရောက်ဖူးမြော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၆ရက်တွင် မြတ်စွာဘုရား ဓမ္မစကြာ တရားဦးဟောရာ ဓမ္မရာဇိက စေတီဟောင်းနေရာသို့ ရောက်ရှိတော်မူကြ၍ စေတီဟောင်းနေရာ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ဟောင်းနေရာနှင့် အသောက ကျောက်တိုင်၊ ရှေးဟောင်း ပလ္လင်တော်ကြီးတို့ကို လှည့်လည်ကြည့်ရှုတော်မူကြသည်။

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၇ရက် နံနက်၆နာရီ၄၅မိနစ်တွင် ဗာရာဏသီမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နီပေါနိုင်ငံ လုမ္ဗိနီဒေသသို့ ညနေ၅နာရီတွင် ရောက်ရှိတော်မူကြပြီး လုမ္ဗိနီ မြန်မာရွှေကျောင်း၌ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်မြင့်မြင့်အုန်းနှင့် သံရုံးအဖွဲ့ဝင်မိသားစုများက ဂါရဝပြု ကြိုဆိုဖူးမြော်ကြသည်။

နေ့ဆွမ်းဆက်ကပ်

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၈ရက်နံနက်၆နာရီတွင် မြန်မာရွှေကျောင်းဝင်းအတွင်း တည်ထားသည့် လောကမဏိစူဠာစေတီတော်အား ဖူးမြော်ကြည်ညိုကြ၍ ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြပြီး လုမ္ဗိနီဥယျာဉ်အတွင်းရှိ ဘုရားရှင်ဖွားမြင်တော်မူရာ နေရာကို လေ့လာကြည်ညိုကြကာ လုမ္ဗိနီဥယျာဉ်အတွင်း လှည့်လည် ကြည့်ရှုတော်မူကြသည်။ ဆရာတော်ကြီးများအား နံနက် ၁၀ နာရီခွဲတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်ဆွေနှင့် ဇနီးတို့က မြန်မာရွှေကျောင်း၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် မွန်းတည့်၁၂နာရီတွင် နီပေါနိုင်ငံ မြန်မာရွှေကျောင်းမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ် ပြည်နယ် ကုသိနာရုံ မြန်မာကျောင်းသို့ ရောက်ရှိတော်မူကြပြီး ကုသိနာရုံဆရာတော်ကြီးနှင့်တပည့် ဒါယကာ ဒါယိကာမများက အခမ်းအနားဖြင့် ကြိုဆိုဖူးမြော်ကြသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် မြတ်စွာဘုရား တေဇောဓာတ်လောင်ကျွမ်းတော်မူရာ အရပ်၌ တည်ထားသောအင်္ဂါရစေတီသို့ကြွရောက်၍ လက်ယာရစ် ဖူးမြော်ကြည်ညိုကြပြီး ထိုမှတစ်ဆင့် မြတ်စွာဘုရားပရိနိဗ္ဗာန်မပြုမီ နောက်ဆုံး ရေကြည်တော် သောက်သုံးတော်မူခဲ့ရာ အရပ်သို့ ကြွရောက်၍ ကြည့်ရှုလေ့လာတော်မူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ ဌာန၌ တည်ထားသော မဟာပရိနိဗ္ဗာန စေတီတော်ကြီး အတွင်းရှိ မဟာပရိနိဗ္ဗာနရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး သင်္ကန်းကပ်လှူတော်မူကြကာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် အနိစ္စာဝတသင်္ခါရာ အစရှိသော ဂါထာတော်တို့ကို ရွတ်ပွားပူဇော်တော်မူကြသည်။

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၉ရက် နံနက်၅နာရီ ၄၅မိနစ်တွင် ကုသိနာရုံကျောင်းဝင်းအတွင်းရှိ မဟာသုခံဒဒချမ်းသာကြီး စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြပြီး နံနက် ၇နာရီတွင် ဆက်လက်ထွက်ခွာခဲ့ကြရာ ဘီဟာပြည်နယ်ရှိ ဘုရားရှင် သပိတ်တော်အား ဌာပနာပြု၍ တည်ထားသော ကေစရိယ စေတီဟောင်းနေရာသို့ မွန်းလွဲ ၁၂နာရီ၁၅မိနစ်တွင် ရောက်ရှိတော်မူကြပြီး စေတီတော်အား ဖူးမြော်ကြ၍ ဆက်လက် ထွက်ခွာလာရာ မွန်းလွဲ၂နာရီခွဲတွင် ဒုတိယသင်္ဂါယနာ တင်တော်မူခဲ့ရာ ဝါဠုကာရုံ ကျောင်းတော်ရာဒေသသို့ ရောက်ရှိလေ့လာတော်မူကြသည်။

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၃၀ရက် နံနက်၇နာရီတွင် ပတ္တနားမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ် ဖွားမြင်တော်မူရာနှင့် ပရိနိဗ္ဗာန်ပြုတော်မူရာအရပ်၌ တည်ထောင်ထားရှိခဲ့သော နာလန္ဒာတက္ကသိုလ်ဟောင်းသို့ ရောက်ရှိလေ့လာတော်မူကြသည်။ ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် နာလန္ဒာတက္ကသိုလ်သစ်သို့ ကြွရောက်တော်မူကြရာ နာလန္ဒာတက္ကသိုလ်၏ ဒါရိုက်တာ ဒေါက်တာ ရာဘင်ဒရာပန့်နှင့် မြန်မာနိုင်ငံမှ စာသင်သားရဟန်းတော်များက ခရီးဦးကြိုဆို ဖူးမြော်ကြပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြ၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် ရာဇဂြိုဟ်မြို့သို့ ရောက်ရှိတော်မူကြပြီး ရာဇဂြိုဟ်မြန်မာကျောင်း၌ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်ကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် ဝေဠုဝန်ကျောင်းတော်ရာသို့ ကြွရောက်တော်မူကြပြီး ဩဝါဒပါတိမောက် ပြတော်မူရာ နေရာသို့ ရောက်ရှိကြည်ညိုကြသည်။

ပို့ဆောင်နှုတ်ဆက်

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၃၁ရက် နံနက် ၆နာရီခွဲတွင် ဂယာမြို့အနီးရှိ ဥရုဝေလတော ဥရုဝေလတောင်ရှိ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တော်မူခဲ့ရာ လိုဏ်ဂူတော်သို့ ကြွရောက်ဖူးမြော်ကြပြီး မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် ဂယာမြို့ မြန်မာကျောင်း၌ နေ့ဆွမ်းဘုဉ်းပေးပြီးနောက် မော်တော်ယာဉ်ဖြင့် ဂယာ လေဆိပ်သို့ ကြွရောက်တော်မူကြရာ ဂယာလေဆိပ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်၊ ဇနီး ဒေါ်သီတာညွန့်နှင့် သံရုံးအဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်း အတွင်းရေးမှူး ဆရာတော်နှင့် မြန်မာနိုင်ငံ အောင်ချမ်းသာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ဖူးမြော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ဂယာလေဆိပ်မှ ထွက်ခွာခဲ့ကြရာ မြန်မာနိုင်ငံ စစ်တွေလေဆိပ်သို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြပြီး ခေတ္တရပ်နားတော်မူကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် စစ်တွေလေဆိပ်မှ ညနေ ၅ နာရီတွင် ဆက်လက်ထွက်ခွာကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ၅နာရီမိနစ်၅၀တွင် ရောက်ရှိတော်မူကြသည်။ **(သတင်းစဉ်)**

ကျိုက်ဝိုင်းအရုံစေတီရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် ဇန်နဝါရီ ၅

သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ အောက်ပစ္စယာ စတုတ္ထရစ်ရှိ အရံစေတီ အဆူ၂၀ အား ရွှေထီးတော်တင်လှူပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက စေတီတော်ရင်ပြင်ပေါ်ရှိ အောင်ဓမ္မာရုံကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်များ ဦးဆောင်၍ အလှူရှင်များကိုယ်တိုင် ထီးတော်များကို တင်လှူကြသည်။ ယခုအခါ စေတီတော်ကြီး၏ အရံစေတီတော် ၁၁၇ဆူအား အလှူငွေကျပ် ၆၇သိန်းကျော် အကုန်အကျခံကာ ရွှေထီးတော်များ တင်လှူပြီးစီးခဲ့သည်။ ၎င်းအရံစေတီ ၁၁၇ဆူအား ရွှေထီးတော်များ တင်လှူပြီးစီးသော်လည်း ရွှေဆေးသင်္ကန်းဆက်ကပ်ရန် ကျန်ရှိနေသေးရာ စေတီတစ်ဆူလျှင် ကျပ်နှစ်သောင်းဖြင့် လှူဒါန်းနိုင်ကြပြီး စေတီတော်ကြီး၏ တောင်ဘက်မုခ်ဦးစောင်းတန်းနှင့် ဗုဒ္ဓဝင်ပြတိုက် ဆောက်လုပ်ရန် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးဘထွန်း ဖုန်း-၆၆၀၀၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် ဇမ္ဗူရတနာယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်းများ ပဓာနနာယက ဆရာတော် အရှင်ဩဘာသနှင့် တပည့်ကျောင်းသား ကျောင်းသူများက မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါနှင့် သင်ကြားရေးဆေးရုံကြီး သံဃာ့ဆေးကုသဆောင်အတွက် လိုအပ်သောဆေးဝါးပစ္စည်းတန်ဖိုး ကျပ်တစ်သိန်းနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သောင်းကို လှူဒါန်းရာ ယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်းများ နာယက သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က ဆေးရုံအုပ်ကြီးဒေါက်တာ ဦးမြသောင်းသို့ ပေးအပ်စဉ်။
(က-ပ)



ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် မျိုးဆက်သစ် သားသမီးများအား ဂုဏ်ထူးဆုနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်ရုံးခန်းမ၌ ဒီဇင်ဘာ ၃၁ရက်က ကျင်းပရာ မြို့နယ်အဖွဲ့ဥက္ကဋ္ဌက ဂုဏ်ထူးရရှိသူအား ဆုချီးမြှင့်စဉ်။
(က-ပ)



ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ် ဓမ္မစိန္တာလမ်း အမှတ်(၁၄)နေ ဦးဝင်းမော်-ဒေါ်မြင့်မြင့်ဆွေ၊ သားသမီးများနှင့် မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် အတွက် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

6-1 (07).p65 1 3/28/05, 11:51 PM

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

အမျိုးသားညီလာခံမှသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သို့

တိုင်းရင်းသားလူမျိုးတစ်ရာကျော် သမိုင်းစဉ်ဆက် လက်ချင်းယှက်၍ ယှဉ်တွဲနေထိုင်လာခဲ့သည့် မြန်မာနိုင်ငံတော်သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်သည်။

အချုပ်အခြာအာဏာကို မြန်မာနိုင်ငံသား ပြည်သူတို့ပိုင်ဆိုင်ခြင်းသည် လွတ်လပ်ခြင်းပင်ဖြစ်သည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကား (၁) နိုင်ငံလုံခြုံ၊ တည်ငြိမ်၊ အေးချမ်းတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဥပဒေများပြုပိုင်ခွင့်အာဏာ၊ (၂) နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲအပ်သည့် အုပ်ချုပ်ရေးအာဏာ၊ (၃) အများပြည်သူနှင့် နိုင်ငံတော်အကျိုးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများကို ချိုးဖောက်လျှင်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ ပြည်သူတို့ အေးချမ်းသာယာစွာနေနိုင်ရေးကို စီမံခန့်ခွဲ(အုပ်ချုပ်)နေသည့် နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ထိပါးနှောင့်ယှက်လျှင် ဥပဒေအရ စစ်ဆေးစီရင်ရသော တရားစီရင်ရေး အာဏာတို့ဖြစ်သည်။

ယင်းအချုပ်အခြာအာဏာသည် နိုင်ငံသားပြည်သူတစ်ရပ်လုံးမှ ဆင်းသက်ကာ နိုင်ငံနယ်နိမိတ်တစ်ခုလုံး၌ ပျံ့နှံ့တည်ရှိလေသည်။ ယင်းသို့သော အချုပ်အခြာအာဏာကို လူဦးရေသောင်းဂဏန်း၊ သိန်းဂဏန်းမျှရှိသော နိုင်ငံများတွင် ပြည်သူလူထု(အရွယ်ရောက်သူများ) စုဝေးကာ၊ ညှိနှိုင်းဆုံးဖြတ်စီမံသော တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးနိုင်ပေမည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀က ရောမ၊ အေသင်၊ စပါတာ စသည့် မြို့ပြနိုင်ငံများ၌ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးနိုင်ခဲ့လေသည်။

ယနေ့ခေတ် နိုင်ငံအများစုကြီး၌ လူဦးရေ သန်းချီ၊ ကုဋေချီ၍ရှိလေရာ တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးရန် မဖြစ်နိုင်ပေ။ ဤသို့ဖြင့် ကိုယ်စားပြုဒီမိုကရေစီပုံစံကို နိုင်ငံအလိုက်၊ နိုင်ငံက ကျင့်သုံးသော နိုင်ငံရေး၊ စီးပွားရေးမူဝါဒအလိုက် ကျင့်သုံးနေကြရသည်။ ကိုယ်စားပြုဒီမိုကရေစီဟူသည်ကား ပြည်သူက မဲဆန္ဒပေး ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များက ဥပဒေပြုကြ၊ အုပ်ချုပ်ကြ၊ တရားစီရင်ရေးပုံစံ ချမှတ်ကြရခြင်းဖြစ်သည်။ ထိုသို့ ကိုယ်စားလှယ်များ ရွေးချယ်ရုံနှင့်မပြီး ထိုကိုယ်စားလှယ်များ ထင်ရာ မစိုးနိုင်အောင်၊ ပြည်သူတစ်ရပ်လုံးပိုင် အချုပ်အခြာအာဏာရပ်ကြီးအား မည်သို့မည်ပုံ ကျင့်သုံးရမည် (ဆောင်ရမည်၊ ရှောင်ရမည်) စသည့် စည်းမျဉ်း၊ စည်းကမ်းများကို ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းထားရသည်။ လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားစီရင်ရေး နယ်ပယ်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားသည့် ဘောင်အတွင်း၌ ဆောင်ရွက်ရသည်။

မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားနယ်ချဲ့တို့က ကျူးကျော်ကျွန်ပြုထားချိန် ကာလတစ်လျှောက် (ရာစုနှစ် တစ်ခုသာသာ) မြန်မာပိုင် အချုပ်အခြာ အာဏာသည် ထိုတိုင်းတစ်ပါးသားသို့ လက်ရောက်ရှိသွားကာ နယ်ချဲ့တို့ ဖိနှိပ်သမျှ၊ ချုပ်ချယ်သမျှ၊ သွေးစုပ်ခြယ်လှယ်သမျှ၊ ညှဉ်းပန်းသမျှ မြန်မာတို့ အလူးအလဲခံခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းချိန်တွင် ၁၉၄၇ ခုနှစ် နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖုတ်ပူမီးတိုက် ရေးဆွဲခဲ့ရသည်။

နယ်ချဲ့တို့က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိမှ အချုပ်အခြာအာဏာ (လွတ်လပ်ရေး) ပြန်ပေးမည်ဟုဆို၍ ရေးကြီးသုတ်ပြာ ရေးဆွဲခဲ့ရခြင်းဖြစ်သည်။ အချုပ်အခြာအာဏာ မည်သို့မည်ပုံ ကျင့်သုံးမည်ဆိုသည်ကို အခြေခံဥပဒေ၌ ဖော်ပြပြီးမှ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်စနစ် အခြေပြုသော အခြေခံဥပဒေသစ်ကို လူထုအကြံဉာဏ်ယူပြီး ရေးဆွဲခဲ့ရာ ပြည်သူ့ဆန္ဒမဲ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းက ထောက်ခံ အတည်ပြုခဲ့ပြန်၏။ သို့သော် ၁၉၈၈ခုနှစ်တွင် ဆိုရှယ်လစ်စနစ်ကို မကြိုက်ကြတော့ဟု ဆိုလာကြသဖြင့် ၁၉၇၄ခုနှစ် အခြေခံဥပဒေသည်လည်း နိဂုံးချုပ်သွားခဲ့ရပြန်သည်။ ဤသို့ဖြင့် စစ်မှန်၍ စည်းကမ်းကျနသော ဒီမိုကရေစီ ဖော်ဆောင်နိုင်မည့်(ဝါ) အချုပ်အခြာအာဏာကို ပြည်သူက ယုံကြည်စိတ်ချစွာ လွှဲအပ်နိုင်မည့် အခြေခံဥပဒေသစ်ရေးဆွဲရန် လိုအပ်လာပြန်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၂ခုနှစ်တွင် တရားဝင်တည်ရှိဆဲ နိုင်ငံရေးပါတီ ၁၀ ခုမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များအား အချိုးကျ ဖိတ်ခေါ်ကာ အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ကျင်းပရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ယင်းသို့ ညှိနှိုင်းဆွေးနွေးချက်များအရ အမျိုးသားညီလာခံ၏ ဦးတည်ချက်၊ တက်ရောက်မည့် ကိုယ်စားလှယ် အမျိုးအစားနှင့် ပမာဏတို့ကို အများသဘောတူ ညှိနှိုင်းဆုံးဖြတ်ခဲ့သည်။

ဤသို့ဖြင့် ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို ကျိုက္ကဆံကွင်းတွင် စတင်ကျင်းပခဲ့သည်။ ညီလာခံသို့ (၁)နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ (၂)ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ (၃)တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ (၄) အလုပ်သမား ကိုယ်စားလှယ်များ၊ (၅) တောင်သူလယ်သမားကိုယ်စားလှယ်များ၊ (၆) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ (၇)နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ (၈)ငြိမ်းချမ်းရေးရယူခဲ့သည့် တိုင်းရင်းသား အဖွဲ့ကိုယ်စားလှယ်များနှင့် အငြိမ်းစားသံအမတ်ကြီးများ၊ ပညာရှင်ကြီးများပါဝင်သည့် အခြားဖိတ်ကြားသင့်သော ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းတွင် ဤသို့ ကျင်းပခဲ့သည်။

၁၉၉၃ခုနှစ် အမျိုးသားညီလာခံ စတင်ကျင်းပစဉ်ကပင် ကျွန်တော်သည် အသိပညာရှင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သဖြင့် အမျိုးသားညီလာခံဖြစ်စဉ်အားလုံး ကိုယ်တိုင်ပါဝင် သိမြင်ခဲ့ရသူ ဖြစ်သည်။ ကိုယ်စားလှယ်အမျိုးအစားက စုံလင်သည်။ လူထုလူတန်းစား၊ အလွှာစုံ၊ တိုင်းရင်းသားစုံ ကိုယ်စားလှယ်များပါဝင်ကြသည်။ နိုင်ငံ့ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲ

တက္ကသိုလ်မြတ်သူ

ရာတွင် အခြေခံရမည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကို အပြန်အလှန် အချေအတင် ဆွေးနွေးကြပြီး အကျေအလည် ညှိနှိုင်းယူခဲ့ကြရသည်။

ဤသို့ဖြင့် အခြေခံဥပဒေသစ်တွင်ပါဝင်ရမည့် အခန်းအလိုက် ခေါင်းစဉ်များ (၁၅)ခုကို ဦးစွာဆွေးနွေး အတည်ပြုခဲ့ကြသည်။ ကိုယ်စားလှယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိကြသည်။ မိမိတို့ ဆန္ဒသဘောထားများကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြသည်။ ငြင်းခုံမှုများရှိခဲ့သော်လည်း ညီလာခံအောင်မြင်ရေး၊ အခြေခံဥပဒေသစ် ပေါ်ထွန်းရေးကို ရှေးရှုပြီး ညှိနှိုင်းပြေလည်သွားစမြဲဖြစ်သည်။ ၎င်းနောက် အမျိုးသားညီလာခံကို ၁၉၉၆ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ခေတ္တရပ်နားထားခဲ့သည်။

၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် နိုင်ငံတော်အစိုးရက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို မြန်မာသိ၊ ကမ္ဘာသိကြေညာခဲ့သည်။ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်ကို ဒီမိုကရေစီဖော်ဆောင်ရေး လမ်းကြောင်းပြမြေပုံ Road Map ဟု သိမှတ်ကြသည်။ ပထမဆုံးလမ်းစဉ်မှာ ၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရန်ဖြစ်သည်။ ကျန်လမ်းစဉ်(၆)ရပ်မှာ ညီလာခံမှ ချမှတ်သောမူများဖြင့် အခြေခံဥပဒေရေးဆွဲရန်၊ ဒီမိုကရေစီအခင်းအကျင်းများ ဆောင်ရွက်ထားရန်၊ အခြေခံဥပဒေကို ပြည်သူ့ဆန္ဒဖြင့် အတည်ပြုရန်၊ အခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပရန်၊ ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးကျင်းပရန်၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်ကဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်တို့ဖြစ်သည်။

ဤသို့ဖြင့် ခေတ္တရပ်နားထားသော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ရက်နေ့က လှည်းကူးမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပသည်။ ကျိုက္ကဆံကွင်းတွင် ကျင်းပစဉ်က ကိုယ်စားလှယ် ၇၀၂ဦး တက်ရောက်ခဲ့သည်။ အချို့ကွယ်လွန်ကြပြီ၊ အချို့အရွယ်လွန်၊ ဇရာထောင်းကြပြီ၊ အချို့က ကျန်းမာရေးမကောင်းကြ။ ဤသို့ဖြင့် ကိုယ်စားလှယ်အရေအတွက် လျော့ကျသွားခဲ့ရသည်။ ညောင်နှစ်ပင်တွင် ပြန်လည်ကျင်းပသောအခါ ကိုယ်စားလှယ်အသစ်များ တိုးပွားလာရာ ကိုယ်စားလှယ် ၁၀၈၈ဦးအထိ ရှိလာသည်။ အထူးသဖြင့် ယခင်ကပြည်နယ်၊ တိုင်း၊ မြို့နယ်ကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ် နှစ်ရာကျော်မှာ ယခုအခါ ခြောက်ရာကျော် ရှိလာသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမတွင် တိုင်းရင်းသားစုံ၊ ဝတ်စုံအမျိုးမျိုးဖြင့် ကိုယ်စားလှယ်တစ်ထောင်ကျော် တွေ့ရသည်ကပင် ပြည်ထောင်စုနေ့အခမ်းအနားကြီးသို့ တက်ရောက်ရသည့်နှယ်၊ ပန်းမျိုးစုံဖူးပွင့် ထုံကြိုင်သော ဥယျာဉ်ကြီးအတွင်း ရောက်ရသည့်နှယ် အားရတက်ကြွဖွယ်ကောင်းသည်။ စားသောက်ခန်း၊ အားကစားလေ့ကျင့်ခန်းမ၊ အနုပညာဖြေဖျော်ရေးဇာတ်ရုံ၊ အစုအဖွဲ့အစည်းအဝေးခန်း၊ ကျန်းမာရေးအတွက် လမ်းလျှောက်ကြသည့် ညောင်နှစ်ပင်ကွင်းပတ်လမ်း၌ ကိုယ်စားလှယ်များ ဆုံတွေ့ကြ၊ ရင်းနှီးကြဖြင့် ညီလာခံလုပ်ငန်းများ ပိုမိုသွက်လက်ထက်မြက်လာသည်။

ယခုပြန်လည်ကျင်းပသော အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ရာ ဦးစွာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို အစုအဖွဲ့အလိုက် ဆွေးနွေးကြသည်။ အစုအဖွဲ့အတွင်း ဆွေးနွေးရရှိချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ဖတ်ကြားတင်ပြကြသည်။ ယခုညီလာခံခေတ္တရပ်နားစဉ် စုံညီသဘာပတိအဖွဲ့(ကိုးဦး)က အစုအဖွဲ့အလိုက်တင်ပြထားသော ဥပဒေပြုရေး၊ အာဏာခွဲဝေရေး အကြံပြုစာတမ်းများအပေါ် သုံးသပ်မှုများ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားညီလာခံသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမဆုံးသော မူဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်ခြင်း(ဝါ) ၁၉၉၃ ခုနှစ်က အစပြုခဲ့သော အမျိုးသားညီလာခံလုပ်ငန်းနှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့မည့် အကောင်းဆုံးအခြေခံဥပဒေပေါ်ထွန်းရေး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြခြင်းလည်းဖြစ်သည်။ တစ်နည်းအားဖြင့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်နှင့် ဥပဓိရုပ်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အပြည့်အဝ အကောင်အထည်ဖော်နေခြင်းပင် ဖြစ်သည်။

ယခုအခါ အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ကျန်ရှိသော အပိုင်းများကို ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် လာမည့် ဖေဖော်ဝါရီလအတွင်းတွင် အမျိုးသားညီလာခံကြီးကို ပြန်လည်စတင်ကျင်းပတော့မည်ဖြစ်သည်။ အမျိုးသားညီလာခံကြီးကို တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသားရေးအနှစ်သာရအဓိပ္ပာယ်အပြည့်အဝဖြင့် ကျင်းပနေခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ ကိုလိုနီလက်သစ်ဝါဒီများနှင့် လက်တစ်ဆုပ်စာမျှရှိသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နှောင့်ယှက်နေကြသော်လည်း နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အမျိုးသားညီလာခံကိုယ်စားလှယ်အားလုံးက ချမှတ်ထားသည့် ညီလာခံအောင်မြင်ရေး သန္နိဋ္ဌာန်ကား မယိမ်းမယိုင် ခိုင်ကျည်မြဲမြဲလျက်ရှိပါကြောင်း ရေးသားတင်ပြရလိုက်ပါသည်။ ။

ကိုလိုနီလက်သစ်ဝါဒီများနှင့် လက်တစ်ဆုပ်စာမျှရှိသော ပြည်တွင်း၊ပြည်ပ အဖျက်သမားများက အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နှောင့်ယှက်နေကြသော်လည်း နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အားလုံးက ချမှတ်ထားသည့် ညီလာခံအောင်မြင်ရေး သန္နိဋ္ဌာန်ကား မယိမ်းမယိုင် ခိုင်ကျည်မြဲမြဲလျက်ရှိ။

ကွမ်းခြံကုန်းမြို့နယ် ရေပေးဝေရေးလုပ်ငန်းကော်မတီစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ကွမ်းခြံကုန်းမြို့ရေပေးဝေရေးလုပ်ငန်းဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဆွေးနွေးတင်ပြ

အခမ်းအနားတွင် ဝန်ကြီးက ကွမ်းခြံကုန်းမြို့နေ ပြည်သူများ ထာဝစဉ် ရေသန့်သုံးစွဲနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ထောက်ပံ့ကူညီမှု၊ မြို့နေပြည်သူများ၏ စုပေါင်းပါဝင်မှု၊အလှူရှင်များ၏စုပေါင်းလှူဒါန်းငွေတို့ဖြင့် မိမိက ဦးဆောင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ရေပေးဝေရေး လုပ်ငန်းဖြစ်မြောက်ရေးကော်မတီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် အမြန်ဆုံးပိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကာ အစည်းအဝေးတက်ရောက်လာသူများကအသီးသီးဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အောင်ဆန်းသူရိယလှသောင်း အားကစားကွင်း၊ မိုးလုံလေလုံခန်းမ၌ ကျင်းပသည့် ပထမအကြိမ် စွမ်းအင်ဝန်ကြီးဌာနဖလားကွမ်းခြံကုန်းမြို့နယ် ရပ်ကွက်ကျေးရွာပေါင်းစုံဘော်လီဘော ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ကြည့်ရှုအားပေးသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ပထမရရှိသွားသော တောကျောင်းကျေးရွာအသင်း၊ ဒုတိယရရှိသွားသော တော်ခရမ်းကျေးရွာအသင်းတို့အား တစ်ဦးချင်းနှင့်အသင်းလိုက်ဆုများကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံး ဘော်လီဘောသမားဆုများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိန်တင်ဝင်း၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းတို့ကဆုများပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသွားသောတောကျောင်းကျေးရွာ ဘော်လီဘော အသင်းကို စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန တံခွန်စိုက်ဆုဖလားကိုပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကျော်အဆောက်အအုံများနှင့် တည်ဆောက်သူများစာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

အမျိုးသားစာပေဆုစာရေးဆရာ လှိုင်သင်းရေးသားပြုစုသည့် ကမ္ဘာ့ကျော် အဆောက်အအုံများနှင့် တည်ဆောက်သူများ စာအုပ်ခန့်ချုပ်ကို ကံ့ကော်ဦးမွန်စာပေတိုက် သာယာအေးလမ်းသွယ်(၁) သမိုင်းလမ်းဆုံအနီး ရပ်ကွက်(၃) မရမ်းကုန်းမြို့နယ် ရန်ကုန်ဖုန်း-၆၆၀၀၂၀ က ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အောက်ပုံ)**

ဤစာအုပ်တွင် ရှေးဟောင်းတံတိုင်းများ၊ရှေးဟောင်းအဆောက်အအုံပညာ၊ ခေတ်မီအဆောက်အအုံပညာ၊တံတားများ၊အင်ဂျင်နီယာနှင့်သူ့တံတား၊ လှပဆန်းကြယ်သော အဆောက်အအုံများ၊ ကမ္ဘာ့အမြင့်ဆုံး မိုးပျံတိုက်များ၊ အာကာသ အဆောက်အအုံနှင့် တည်ဆောက်သူ၏ဒဿန ဟူ၍ အခန်းများခွဲကာ အဆောက်အအုံပုံစံ၊ ဒီဇိုင်း၊ ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ **(သတင်းစဉ်)**

ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁ ရက်က ဒဂုံမြို့နယ် အလုံလမ်းရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနာယက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း နာယက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်နှင့်ရတနာရွှေဆိုင်)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားတင်ပြရာ တက်ရောက်လာကြသည့် အသင်းဝင်များက အတည်ပြုကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရသော မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်း၏ ဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)၊ အတွင်းရေးမှူးဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်နှင့် ရတနာရွှေဆိုင်)တို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ၁၆ ဦးနှင့် အလုပ်အမှုဆောင် ၁၄ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးသူတော်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အသင်းသားစုံညီ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သုံးခွမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် အခြေခံပညာတက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သုံးခွမြို့နယ်အသင်းဝင်များ၏ သားသမီးများအား သုံးခွမြို့နယ်အသင်း (ရန်ကုန်) အမှုဆောင်အဖွဲ့က ပညာရည်ချွန် ဂုဏ်ပြုဆုပေးအပ်မည်ဖြစ်ရာ နီးစပ်ရာ သုံးခွမြို့နယ်အသင်းအမှုဆောင်များထံသို့လည်းကောင်း၊ လုကမ္ဘာပရိဘောဂတိုက် ဖုန်း-၂၉၁၄၇၄၊ ၂၉၁၃၁၁ တို့သို့ လည်းကောင်း ဇန်နဝါရီ ၁၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန် နှိုးဆော်ထားသည်။ **(က-ပ)**

ရွှေပြည်ဟိန်းဇီဝိတဒါန အလှူတော်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်သော ကုသိုလ်ဖြစ်ဆေးခန်းအတွက် လိုအပ်သော ဆေးဝါးများဝယ်ယူနိုင်ရန် အလှူငွေများလှူဒါန်းလျက်ရှိရာ ဇန်နဝါရီ ၂ ရက် ညက ကျင်းပသော သထုံမြို့ ဓမ္မပူဇာသဘင်၌ စုပေါင်းအလှူအဖြစ် တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ ဦးစိုးမြင့်-(ဒေါ်မာတို) သားသမီးမြေးတစ်စုက ခြောက်သောင်းကျပ်၊ ဦးတင်လှ-ဒေါ်စိုးစိုးဌေးမိသားစုက နှစ်သောင်းကျပ်၊ စန္ဒာရာမကျောင်း သီလရှင်ဆရာကြီးနှင့် တပည့်များက တစ်သောင်းရှစ်ထောင်ကျပ်ကိုလည်းကောင်းရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရထံဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ကန်တော့ငွေ ပေးအပ်စဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်မင်း၊ ခရိုင်၊မြို့နယ်အတွင်းရေးမှူးများလိုက်ပါပြီး ဒီဇင်ဘာ ၂၉ ရက်တွင် ဟားခါးမြို့ သီဖူးလ်ကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မတည်ငွေကျပ် ၁၅ သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၂၅ သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကူညီပံ့ပိုးသော မီးကြိုးပေ ၁၄၀၀၀ တို့ဖြင့် ဆောင်ရွက်သည့် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စက်ခလုတ်နှိပ်ဖွင့်

အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံကို ချင်းပြည်နယ် နယ်မြေတာဝန်ခံ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကို၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှနှင့် ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးကမ္ပည်းကျောက်စာတိုင်ကို နယ်မြေတာဝန်ခံ ဗိုလ်မှူးချုပ် သူရအောင်ကိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်တွင် မော်တော်ယာဉ်များဖြင့် သီဖူးလ်ကျေးရွာမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာလာပြီး ဟားခါးမြို့မှတစ်ဆင့် ဖိုင်ဖာ(ခ) ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်းရှိ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ အတွက် လိုအပ်သော ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်သော အခမ်းအနားသို့ တက်ရောက်သည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးတင်လှတို့က အမှာစကားပြောကြားပြီး ဖိုင်ဖာ(ခ) ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးခိုင်ကုန်းသို့ လွှဲပြောင်းပေးအပ် ကြောင်း သိရသည်။ **(သတင်းစဉ်)**

တုန်းတာကုန်စည်ပြပွဲ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာ ကုန်စည်ပြပွဲ (၂၀၀၅)ကို ဇန်နဝါရီ ၂၆ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် တုန်းတာကုမ္ပဏီလီမိတက်မှ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာအမျိုးမျိုး၊ ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံးရေမွှေးများ၊ လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊လယ်ယာသုံးပစ္စည်းများ၊ကားပေါ်လစ်များ၊ သံချေးချွတ်ဆေးများ၊ မြက်ရိတ်စက်များ၊ ကော်အမျိုးမျိုး၊ သစ်ဖြတ်စက်များ၊ အလူမီနီယမ်လှေကားများ၊ မီးစက်များ၊ သော့အမျိုးမျိုး၊ ကြမ်းခင်း၊ မျက်နှာကြက် အိမ်တွင်း အလှဆင်ပစ္စည်းများ၊ မိတ္တူကူးစက်၊ လေဆာ ပရင်တာပစ္စည်းများကို ကုန်ပစ္စည်းဆိုင်ရာသရုပ်ပြပွဲများ တင်ဆက်သွားမည်ဖြစ်သည်။

ထို့အပြင် ကုမ္ပဏီများ၊ အရောင်းဆိုင်များကလည်း လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်း အမျိုးမျိုး ခင်းကျင်းပြသပြီး ဟက်ပီးဝါးမှ ကလေးကစားစရာ အစီအစဉ်တို့ဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်းနှင့် အထူးအစီအစဉ်အဖြစ် ပန်းချီရေးဆွဲပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၄ ရက် နောက်ဆုံးထား၍ တုန်းတာကုမ္ပဏီ လီမိတက် ဖုန်း-၂၉၈၁၂၈၊ ၂၉၅၆၁၃ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို ယနေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မိခင်နှင့်ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထောက်ပံ့

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌက မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသို့ ထောက်ပံ့သည့် စက်ဘီး ၁၃ စီးကို ရန်ကုန်အနောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်သို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းဝင်အဆိုပြုလွှာ ၁၉၀၃၅ စောင်ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့အတွင်းရေးမှူး ဒေါက်တာ လှမြင့်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်ထက်မြက် ပြည်သူ့အတွက်

ဗိုလ်လောင်းတပ်ခွဲများ

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ဟေမန္တ ဆောင်းရာသီ၏ ငွေနှင်းမှုန်များနှင့်အတူ တပ်မတော်၏ စစ်ကျောင်းတော်ကြီးများမှ သားကောင်းရတနာလေးများ မွေးဖွားသန့်စင်လာခဲ့ပေပြီ။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲအခမ်းအနား၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားများကို တီဗွီဖန်သားပြင်ပေါ်မှာ ရှုမြင်လိုက်ရပါသည်။

သွက်လက်ထက်မြက်သော၊ အရည်အသွေးပြည့်ဝသော၊ နိုးကြားဖျတ်လတ်သော စံပြသားကောင်းရတနာကလေးများကို ရှုမြင်ရသော ပြည်သူများမှာ များစွာဂုဏ်ယူဝမ်းမြောက်ကာ ပီတိသောမနဿ ဖြစ်ကြရမည်မှာ သေချာလှပေသည်။ အမှန်စင်စစ် ဤသားကောင်းရတနာကလေးများသည် ပြည်သူက မွေးဖွားပေးလိုက်သော ပြည်သူ့သည်းချာ သားလှရတနာကလေးများပင် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဤသားလှရတနာကလေးများသည် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်စွမ်းဆောင်ကြတော့မည်မှာ မလွဲဒဧ္ဍ သေချာလှပါပေ၏။

ကျွန်မတို့ မြန်မာနိုင်ငံတော်ကြီးမှာ စစ်ဘက်ဆိုင်ရာ၊ စက်မှုဘက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ၊ စိုက်ပျိုးရေးဘက်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ကွန်ပျူတာပညာဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဝိဇ္ဇာ၊ သိပ္ပံအတတ်ပညာဆိုင်ရာ တက္ကသိုလ်ကြီးများ များစွာရှိပါသည်။ ထိုတက္ကသိုလ်ကြီးများမှ နိုင်ငံတော်၏အနာဂတ်အတွက် နှစ်စဉ် မွေးထုတ်ပေးနေသော သားလှရတနာ၊ သမီးလှရတနာကလေး များစွာတို့သည် တိုင်းပြည်၏ အင်အားများပင် ဖြစ်ပေသည်။ ဤအင်အားစုများတွင် တပ်မတော်သားအဖြစ် တိုင်းပြည်တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ကြမည့် ယောကျာ်းကောင်း၊ ယောကျာ်းမြတ် သားကောင်းရတနာကလေးများလည်း အပါအဝင်ပင် ဖြစ်ကြပါသည်။

ယနေ့ကာလသည် နိုင်ငံတော်အတွင်းမှာ လူမှုရေး၊ စီးပွားရေးမှအစ အဘက်ဘက်တွင် တိုးတက်လျက်ရှိနေပေသည်။ လမ်းတံတားများ၊ လူနေအဆောက်အအုံများ၊ ဆေးရုံနှင့် ဆေးပေးခန်းများ၊ စာသင်ကျောင်းများနှင့် အဆင့်မြင့်တက္ကသိုလ်ကြီးများ စသည်ဖြင့် အဘက်ဘက်မှ တိုးချဲ့ တည်ဆောက်နိုင်သည်မှာ ရင်သပ်ရှုမော အံ့သြဖွယ်ရာပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တိုင်းပြည်ကြီး တိုးတက်၍ အဘက်ဘက်မှ အင်အားရှိနေသော အချိန်ဖြစ်သည်ဟုပင် ဆိုရမည်ဖြစ်ပါသည်။ တိုင်းပြည်အင်အားရှိချိန်တွင် တပ်မတော်ကိုလည်း အင်အားရှိသော တပ်မတော်ကြီးအဖြစ် တည်ဆောက်ပြီး တိုင်းပြည်ကို ပြန်လည်ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းရသည်မှာ သဘာဝကျလှပါသည်။

ယနေ့တပ်မတော်သည် ယောကျာ်းမြတ်တို့၏ မြင့်မြတ်သော အရည်အချင်းများ၊ ကျင့်သုံးရမည့် လမ်းစဉ်ကောင်းများ ထားရှိရမည့် စိတ်နှလုံးသားများနှင့် တိုင်းပြည်အပေါ် ကျေးဇူးတုံ့ပြန်ရမည့် နည်းလမ်းများကို ဖော်ကျူးလှစ်ဟနေသည့် မျိုးချစ်တပ်မတော်ပင် ဖြစ်ပေသည်။

ယနေ့ လူငယ်လူရွယ်တိုင်းသည် တိုင်းပြည်ကို ချစ်ဖို့လိုသည်။ လူမျိုးကို ချစ်ဖို့လိုသည်။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်ဖို့ လိုသည်။ မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုးကောင်းစားရေးအတွက်၊ အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့တတ်ကျွမ်းသည့် ပညာရပ်ကိုယ်စီဖြင့် အကျိုးပြုရပေသည်။ ကျန်းမာရေး၊ ဆေးပညာ၊ ကွန်ပျူတာပညာ၊ စီးပွားရေးပညာ၊ စက်မှုဆိုင်ရာပညာနှင့် ဝိဇ္ဇာ၊ သိပ္ပံအတတ်ပညာ စသည့် ပညာပေါင်းစုံတွင် ကျွမ်းကျင်ရာ လိမ္မာဆိုသလို ကိုယ်တတ်ကျွမ်းရာပညာဖြင့် တိုင်းပြည်ကို အလုပ်အကျွေး ပြုရပေမည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့က သင်တန်းဆင်းသွားခဲ့ပြီ ဖြစ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇)မှ သင်တန်းဆင်းဗိုလ်လောင်းများသည် ယခုအခါ တပ်မတော်တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးခန့်အပ်ခြင်း ခံရပေပြီ။ အလားတူပင် ဒီဇင်ဘာလ ၃၁ ရက်နေ့က သင်တန်းဆင်းသွားခဲ့ပြီဖြစ်သော တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းဆင်း ဗိုလ်လောင်းများသည်လည်း တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်အပြင် နယ်စပ်ဒေသ တိုင်းရင်းသားများအပါအဝင် မိဘပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးကို စောင့်ရှောက်ပေးကြရမည့် တပ်မတော်အရာရှိများအဖြစ် တာဝန်ပေးအပ်ခြင်းခံရမည့် လူငယ်လူရွယ် သားရတနာကလေးများပင် ဖြစ်ပေသည်။

မန်းခင်ခင်

ဤမျိုးဆက်သစ် သားကောင်းရတနာကလေးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အဖိုးမဖြတ်နိုင်သော သားကောင်းရတနာကလေးများပင်ဖြစ်ပေသည်။ ဤသားရတနာကလေးများကိုပြည်သူက မွေးဖွားပေးသည်။ တပ်မတော် စစ်ကျောင်းတော်ကြီးများက ဤရတနာကလေးများကို မျိုးချစ်ရတနာကလေးများဖြစ်အောင် အရောင်တင်ပေးသည်။ လေ့ကျင့်ပေးသည်။ ယောကျာ်းကောင်း၊ ယောကျာ်းမြတ်တို့ တတ်အပ်၊ သိအပ်သည့် ပညာရပ်များကို သင်ကြားပေးသည်။ ယခု ဤရတနာကလေးများသည် မျိုးချစ်များကို လက်တွေ့ကျကျလေ့လာရင်း လုံခြုံရေး၊ စီးပွားရေး၊ ကျန်းမာရေးမှအစ အဘက်ဘက်မှတိုးတက်အောင် ဆောင်ရွက်ကြပေတော့မည်။ ဤသည်ပင်လျှင် တပ်မတော်၏ အစဉ်အလာကောင်းတစ်ရပ် မဟုတ်ပါလား။ တပ်မတော်သည် အမိနိုင်ငံတော်ကို အသက်၊ သွေး၊ ချွေး များစွာစွန့်လှူ၍ စောင့်ရှောက်ခဲ့သည်။ အမိနိုင်ငံတော်၏ လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာစေရေးတို့အတွက် အသက်၊ သွေး၊ ချွေး များစွာ စွန့်လှူ၍ ရွပ်ရွပ်ချံ့ချံ့ တာဝန်ထမ်းဆောင်နေသည်မှာ ကာလရှည်ကြာခဲ့လေပြီ။

မွန်မြတ်သော အစဉ်အလာ(၁၂)ရပ်ကို ပိုင်ဆိုင်ထားသော တပ်မတော်သည် လွတ်လပ်ရေးပြန်လည်ရရှိအောင် ပြည်သူတို့နှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ပြီး ရယူပေးခဲ့သည်။ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရလေအောင်လည်း အသက်၊ သွေး၊ ချွေး များစွာပေး၍ ကာကွယ်စောင့်ရှောက်ခဲ့သည်။

ယနေ့ကာလတွင် လွတ်လပ်ရေးပန်း မညှိုးနွမ်းအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မည့် ပြည်သူ့သည်းချာ သားရတနာကလေးများကို နှစ်စဉ်မပြတ် မွေးထုတ်ပေးနေပါသည်။

ထူးချွန်ထက်မြက်သော ထိုသားရတနာကလေးများသည် နေရာဒေသအသီးသီးတွင် ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်သူ့အတွက် အားထားရသော သားရတနာများ ဖြစ်လာပေတော့မည်။

ယနေ့ လူငယ်လူရွယ်တိုင်းသည် တိုင်းပြည်ကို ချစ်ဖို့လိုသည်။ လူမျိုးကို ချစ်ဖို့လိုသည်။ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ဖို့ လိုသည်။ မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုးကောင်းစားရေးအတွက်၊ အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့တတ်ကျွမ်းသည့် ပညာရပ်ကိုယ်စီဖြင့် အကျိုးပြုရပေသည်။ ကျန်းမာရေး၊ ဆေးပညာ၊ ကွန်ပျူတာပညာ၊ စီးပွားရေးပညာ၊ စက်မှုဆိုင်ရာပညာနှင့် ဝိဇ္ဇာ၊ သိပ္ပံ အတတ်ပညာ စသည့် ပညာပေါင်းစုံတွင် ကျွမ်းကျင်ရာလိမ္မာဆိုသလို ကိုယ်တတ်ကျွမ်းရာပညာဖြင့် တိုင်းပြည်ကို အလုပ်အကျွေး ပြုရပေမည်။

ရတနာကလေးများအဖြစ် တိုင်းပြည်ကို အလုပ်အကျွေးပြုကြပေတော့မည်။ ဩော်…ဝမ်းသာဂုဏ်ယူဖွယ် ကောင်းလေစွတကား။

သူတို့သည် စာတွေ့နှင့် လက်တွေ့ကိုပေါင်းစပ်ပြီး တတ်ကျွမ်းသည့် ပညာရပ်များကို အသုံးချကာ မိဘပြည်သူတို့ကို လုပ်ကျွေးပြုစုကြပေတော့မည်။ တကယ်တော့ သူတို့ အလုပ်အကျွေးပြုရမည့် မိဘပြည်သူတွေကလည်း သူတို့ကို လိုလားချစ်ခင်စွာ ကြိုဆိုလျက်ပါ။ မြန်မာ့မြေ၊ မြန်မာ့ရေသဘာဝသည် နေရာတိုင်းမှာ နေပျော်စရာ အလှအပတွေရှိသလို နေရာတိုင်းမှာ ဖြူစင်ရိုးသား၍ စိတ်ထားမြင့်မြတ်သော တိုင်းရင်းသားတွေ နေထိုင်ကြသည်။ ယနေ့ကာလမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းသလို ပြည်သူလူထု၏ စားဝတ်နေရေး အဆင့်အတန်းတွေကလည်း မြင့်မားလာပေသည်။ ဒေသခံပြည်သူတိုင်းသည် တပ်မတော်နှင့်အတူ လက်တွဲပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နေကြသည်။ ထိုသို့တည်ဆောက်နေကြသည့် အင်အားစုထဲသို့ မကြာမီက သင်တန်းဆင်းခဲ့သော အရာရှိငယ်၊ တပ်မှူးငယ်ကလေးများသည် တစ်တပ်တစ်အား ပါဝင်ကြပေတော့မည်။

သူတို့သည် မိမိတို့ရောက်ရှိရာ ဒေသ၏ ရေခံ မြေခံအခြေအနေကောင်း

ထိုသားရတနာကလေးများသည် အမိနိုင်ငံတော်အတွက်၊ မိဘပြည်သူတို့အတွက် အမြဲရည်သန် ဖွဲ့စိတ်မှန်လျက် ကောင်းမြတ်သော တာဝန်များကို ဖြောင့်ဖြူးစွာ ထမ်းဆောင်နိုင်ကြပါစေ။ အခက်အခဲမှန်သမျှ ကျော်လွှားနိုင် ကြပါစေ။ ထူးချွန်ထက်မြက် ပြည်သူ့အတွက် ထာဝရ ပေးဆက်နိုင်သော သားကောင်းရတနာကလေးများ ဖြစ်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

အောင်လံတလူလူ၊ လက်တွဲကူ
တူညီ စိတ်ထား မြင့်ပါစေ…။
မြို့ပြ ပြည်ရွာ၊ စည်ပင်သာ
ညီညာ အားထုတ်နိုင်ပါစေ…။
ပြည်သူမွေးဖွား၊ ပြည်သူ့သား
စွမ်းအား ဂုဏ်တင့် ဝင့်ပါစေ…။
လွတ်လပ်မြန်ပြည်၊ အဓွန့်ရှည်
ကမ္ဘာတည်သရွေ့ မြဲပါစေ…။ ။

6-1 (10).p65 1 3/28/05, 11:51 PM

ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ် ၂/၂၀၀၅
၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–

(ယမန်နေ့ကအဆက်)

လူမှုထူးချွန်တံဆိပ်(ပထမဆင့်) (အဆက်)

၂၇။ ဦးတင်မောင်ဝင်း ဒု–လက်ထောက်ကြီးကြပ်ရေးမှူး၊ အင်ဂျင်နီယာဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၂၈။ ဦးမောင်ထွေး ဆက်သွယ်ရေး(၂)၊ စီမံရေးနှင့်လေ့ကျင့်ရေးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၂၉။ ဦးစိန်လှိုင် ဓာတ်ပုံကျွမ်းကျင်–၂၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန။
၃၀။ ဦးလှိုင်ထွန်း ထုတ်ကျွမ်း(၃)၊ လုံခြုံရေးဌာန၊ စီမံခန့်ခွဲရေး၊ အမှတ်(၂) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၃၁။ လေ–၁၄၇၀၁ ဒုအရာခံဗိုလ်ခင်မောင်ကြည်၊ လေတပ်(တပ်ဖွဲ့)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။
၃၂။ ဦးကျင်စွိ လက်ထောက်ကြီးကြပ်ရေးမှူး (သစ်ခွဲစိတ်)၊ သစ်ခွဲစက်ဌာန၊ အမှတ်(၄)ပရိဘောဂစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၃၃။ ဦးတင်စိန် အုပ်စုမှူး(ဒု)၊ ရွာမဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၄။ ဦးမြင့်လွင် (ရမ/၀၂၀) တပ်စုမှူး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၁၀)၊ နွယ်နီ၁၃လမ်း၊ င/ရပ်ကွက်၊ ရန်ကုန်တိုင်း။
၃၅။ ဦးတင်မောင်ဦး အရောင်းအဝယ်၊ အမှတ် (၈၉၂)၊ သုဇိတာလမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၃၆။ ဦးသန်းအောင် အလုပ်ရုံစိတ်မှူး (ကုန်ထုတ်)၊ ရန်ကင်းအထည်ချုပ်စက်ရုံ အမှတ်(၂၇)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၃၇။ ဦးတင်ဝင်း လုပ်သားမှူး၊ အမှတ်(၂)သစ်စက်၊ သစ်တောရေးရာ ဝန်ကြီးဌာန။
၃၈။ ဦးဌေးကြည် လက်သမား၊ အမှတ်–၁၆/၃၄၄၊ ဗညားနွဲ့လမ်း၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၃၉။ ဦးစိန်ဝင်း လုပ်သားမှူး၊ အမှတ်(၂)သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။
၄၀။ ဦးတင်ဝင်း စက်မှုအဆင့်(၃)၊ အမှတ်(၂)သစ်စက်၊ ၂၄/၃၊ အောင်ဇေယျရိပ်သာ၊ အလုံမြို့နယ်၊ သစ်တောရေးရာဝန်ကြီးဌာန။
၄၁။ ဦးခင်မောင်ညွန့် လောင်ဒရီအင်ချုပ်(ယုဇနဂါးဒင်းဟိုတယ်)၊ အမှတ်(၆၇၅)၊ပဒင်းလမ်း၊ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်တိုင်း။
၄၂။ ဦးသိန်းလှိုင် အရောင်းအဝယ်၊ အမှတ်(၁၁၁၇)၊ ဝဇီယာ(၉)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၄၃။ ဦးစိုးမြင့်(၂) ရုံးအုပ်(ဘဏ္ဍာရေး)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၄၄။ ဦးသောင်းအေး လ/ထကြီးကြပ်ရေးမှူး(သစ်ခွဲစိတ်)၊ အမှတ်(၁၄) သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။
၄၅။ ဦးစံဌေး အထက်တန်းပြ၊ ချောင်းခွအထက၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၄၆။ ဦးမြသန်း(ခ)ဦးလှမြင့် စာပို့/စာလက်ခံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၄၇။ ဦးသီရိမောင် ယာဉ်မောင်း၊ စက်ပြင်၊ ၇၈/ခ၊ တောလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၈။ လေ–၁၅၀၇၄ ဒုအရာခံဗိုလ်ဘဇံ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄၉။ ဦးတင်မောင်ဝင်း(အ/၇၃၉၈၇) ခေတ္တအလုပ်ရုံခွဲမှူး၊ ဘဏ္ဍာရေးဌာန၊ တပ်မတော် သားရေစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။
၅၀။ ဦးတင်ဝင်း လုပ်သားမှူး၊ ထုတ်လုပ်ရေး(သစ်ခွဲစိတ်)၊ အမှတ်(၂)အထပ်သားစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၅၁။ ဦးသိန်းအောင် စက်ကိုင်အဆင့်(ဂ)၊ မြန်မာ့သစ်လုပ်ငန်း၊ ပရိဘောဂစက်ရုံ(၃)၊ သစ်တောရေးရာဝန်ကြီးဌာန။
၅၂။ ဦးမင်းစိုး ယာဉ်မောင်း၊ သိပ္ပံမဠူကျောင်း၊ ကံဦးကျောင်းတိုက်(၅)ဝိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဒုတိယဗိုလ်မှူးကြီးထွန်းဦး(ငြိမ်း) ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂။ ဦးထွန်းမြင့် အတွင်းရေးမှူး၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃။ ဒေါက်တာတင်ညွန့် ညွှန်ကြားရေးမှူး(ခွဲစိတ်)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။
၄။ ဒေါက်တာဒေါ်နုနုသာ ခေတ္တဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၅။ ဦးအောင်သန်းဌေး(ကွယ်လွန်) တပ်စုမှူး၊ ကခ/၁၀၇၁၀၂၊ တပ်စု(၂) တပ်ခွဲ(၃)၊ မြစ်ကြီးနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း၊ ကချင်ပြည်နယ်။
၆။ ဗိုလ်မှူးမောင်လတ်(ငြိမ်း) အမှတ်(၆)၊ အကွက်(၁၀)၊ မန္တလေး–လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။
၇။ ဒေါ်အေးအေးကြည် အမှတ်(၃၉/ဂျီ)၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဦးစိုးအောင်ညွန့် အငယ်တန်းလက်နှိပ်စက်ရိုက်၊ မြို့နယ်စာရင်းရုံး ထီးလင်းမြို့၊ စာရင်းစစ်ချုပ်ရုံး။
